ဖရောကျေးရွာ

ဖရောကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဖရောကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၉

## မာတိကာ


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

(က) သီးနှံစိုက်ပျိုးရေး ၇

(ခ) မွေးမြူရေးလုပ်ငန်း ၇

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၈

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၈

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၈

(ခ ) ကျေးရွာမီးလင်းရေး ၉

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၉

၆။ ပညာရေး ၉

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၀


၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၁


နောက်ဆက်တွဲ


နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၇၄

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၈၉


13. 6. 2018
R.C
AG
K.B.C


13.6.2018
January
February
March
April
May
June
July
August
September
October
November
December


ဖရောကျေးရွာ ရွာတွင်း / ရွာပြင် ချိတ်ဆက်မှု
အုပ်ချုပ်ရေးမှူးရုံး

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ဖရောကျေးရွာသည် ကချင်ပြည်နယ် ၊ ဖရောကျေးရွာအုပ်စု၊ မြစ်ကြီးနား–မိုးညှင်းခရိုင်ချင်းဆက်လမ်းပေါ် ရောဝတီမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ကျေးရွာ၏တောင်ဖက်တွင် ဟိုကပ်ကျေးရွာတည်ရှိသည်။ ကျေးရွာသည် မြစ်ကြီးနားမြို့နှင့် မိုင် ၂ဂခန့်အကွာတွင်တည်ရှိပါသည်။ ကျေးရွာ၏မြေအနေအထားမှာကျေးရွာသည် မြေပြန့်တွင်ရှိပြီး ဘေးပတ်လည်တွင် တောင်ကုန်းနိမ့်များ အနည်းငယ်ရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ရရှိသည်။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများမရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်များ အသင့်အတင့်ရှိပြီး အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင်(အမည်မသိ) အပင်များစွာရှိပါသည်။ စည်းကမ်းမဲ့ခုတ်ယူသောကြောင့်ရှားပါးလာပြီး ထိရောက်စွာအသုံးချနိုင်မှုမရှိပါ။ သဘာဝတောရိုင်းတိရစ္ဆာန်များရှိသော်လည်း စည်းကမ်းမဲ့ ဖမ်းယူစားသောက်ကြသောကြောင့် တဖြည်းဖြည်းရှားပါးလာပြီး မျိုးသုန်းပျောက်ကွယ်ကုန်ကြသည်။ စိုက်ပျိုးရေ အနေဖြင့် မိုးရေ နှင့် ဆည်ရေကို သုံးစွဲကြသည်။ ဆည်သောက်ရေကေမှာ ၁၅၃ ကေရှိသည်။ ဆည်မြောင်း(၄)ခုရှိပြီး UNDP မှ ဆောင်ရွက်ထားပေးခြင်းဖြစ်သည်။ ၎င်းဆည်(၄) ခုမှာလည်း မိုးခေါင်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း တို့ကြောင့် စိုက်ပျိုးရေလုံလောက်မှုမရရှိကြတော့ပါ။ရောဝတီမြစ်ကမ်းဘေးတွင် တည်ရှိသော်လည်း စိုက်ပျိုးရေအတွက် ထိရောက်စွာအသုံးပြုနိုင်ခြင်းမရှိကြပါ။ စိုက်ပျိုးမြေကေ စုစုပေါင်း (၅၇၄)ကေရှိပြီး စပါး၊ ပြောင်း၊နှမ်း နှင့် မုန့်ညှင်းများစိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝသယံဇာတအရင်းအမြစ်များ အနေဖြင့် ခါတ်ငွေ့၊ ရေနံ၊ ကျောက်မျက် နှင့် အခြားတွင်းထွက်သယံဇာတများမရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဖရောကျေးရွာအတွင်း အဖွဲ့ပေါင်း (၄) ဖွဲ့ရှိပြီး ဖွဲ့ရှိပြီးအဖွဲ့ (၂) ဖွဲ့မှာ ဘာသာရေးနှင့် လူမှုရေးကိုအခြေခံသောအဖွဲ့များဖြစ်ကြပြီး ကျန် ၂ ဖွဲ့ဖြစ်သော ဂရုဏာအဖွဲ့နှင့် အမ်စီယူအဖွဲ့များမှာ စီးပွါးရေး(ငွေကြေး–ငွေစုငွေချေးနှင့်ဘာသာရေး)ကို အခြေခံသောအဖွဲ့ဖြစ်သည်။ ရပ်ရွာ၏လိုအပ်ချက်အရ ဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ်အဖွဲ့များမှ စွမ်းဆောင်နိုင်မှုလည်း ကောင်းသည်။ ကျန်အဖွဲ့အစည်းများမှာ အဖွဲ့အစည်းများကို လေ့လာရာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် သီးခြားတာဝန်များ ခွဲဝေလုပ်ဆောင်နေကြသော်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးကို စနစ်တကျ ဦးဆောင်နိုင်ခြင်းမရှိသေးဘဲ စွမ်းဆောင်ရည်အားနည်းနေ သေးသည်ကို တွေ့ရသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရန် လိုအပ်နေသေးသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်း ၁ဖွဲ့ရှိသည်။ မေတ္တာဖောင်ဒေးရှင်း အဖွဲ့မှာ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး ကျန်းမာရေးလုပ်ငန်းလုပ်ဆောင်ပေးနေသည်ကို တွေ့ရသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် ၁၂.၅ဧကနှင့် ၅ဧကကြား တောင်သူလတ် (၆) အိမ်ထောင်စု နှင့် ၅ဧကမှ၂.၅ဧကကြား တောင်သူငယ် ၄၈ဦး နှင့် ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ ၄၄ဦး နှင့် မြေယာမဲ့ ၆၂ဦးရှိသည်။ အဓိကအားဖြင့် စပါး၊ ပြောင်းနှင့် နှမ်းတို့ကို အားကိုးစိုက်ပျိုးကြသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းသည်။

ကျေးရွာတွင်လယ်အများစုမှာမိုးရေနှင့် ဆည်ကို အဓိကထားစိုက်ပျိုးကြရသည်။ စပါးထွက်နှုန်းမှာ တစ်ဧက ပျှမ်းမျှ (၇၅) တင်းထွက်သည်။ ပြောင်းပျှမ်းမျှထွက်နှုန်းမှာ ဆောင်းပြောင်း (၂၅)တင်းနှင့် မိုးပြောင်း (၁၂) တင်းနှုန်းထွက်သည်။ မုန့်ညှင်းပျှမ်းမျှထွက်နှုန်းမှာ ၁၇.၅ တင်းနှင့် နှမ်းပျှမ်းမျှ ထွက်နှုန်းမှာ ၁၀ တင်းနှုန်းထွက်သည်။ ကျေးရွာတွင်းရှိလယ်သမားများတွင် တစ်ဦးချင်းပိုင်ထွန်စက် ၁စင်း၊ လက်တွန်းထွက်စက် ၈ စင်းနှင့် မြက်ရိတ်စက်၅ ခုသာရှိပြီး ပိုင်ဆိုင်သူဦးရေနည်းသည်။ လက်တွန်းထွန်စက်ငှားရမ်း အသုံးပြုမည်ဆိုပါက တစ်ရာသီစပါး (၅၀)တင်းလျှင် တစ်ရက်ငှားခ စပါး ၅တင်းပေးရသည်။ ရိတ်သိမ်းစက်ငှားရမ်းမည်ဆိုပါက တစ်ရက်ငှားလျှင် စပါး ၇-၈ တင်းပေးကြရသည်။ ဧက ၂၅၀၀၀နှုန်းပေးကြရသည်။ ထွန်စက်ငှားရမ်းအသုံးပြုပါက ၄၅၀၀၀ကျပ်ပေးကြရသောကြောင့် ဈေးကြီး၍ ငှားရမ်းအသုံးပြုခြင်းနည်းပါးသည်။ ခြွေလှေ့စက်ငှားရမ်းခမှာလည်း စပါးတင်း ၁၀၀လျှင် ၃-၄ တင်းပေးရသည်။ ရေစုပ်စက်ကို ကိုယ်ပိုင်အဖြစ်သာ အသုံးပြုလေ့ရှိသည်။ အလှည့်ကျ အပြန်အလှန်ကူညီကြည်။ မြက်ရိတ်စက်ကို ငှားလေ့မရှိ။ ကိုယ်ပိုင်သာသုံးလေ့ရှိသည်။ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ လုံလောက်မှုမရှိသောကြောင့် လယ်ယာသုံးစက်ကရိယာများအရစ်ကျဝယ်ယူလိုကြသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝရေမြေရာသီတုအနေဖြင့် မြေဆီမကောင်း၊ မြေဆီလွှာများ ခမ်းခြောက်လာသည်။ ချေးငွေဝန်ဆောင်မှု အလွယ်တကူမရရှိနိုင်ပါ။ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင် သော်လည်း ဈေးကြီးသောကြောင့်ဝယ်ယူရန်ခက်ခဲသည်။ သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာဝယ်ယူရန်ခက်ခဲသည်။ စိုက်ပျိုးရေးထွက်ကုန်များကိုရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ နည်းပညာဝန်ဆောင်မှုများလည်းမရှိပါ။ဖျက်ပိုးနှင့်ရောဂါအနည်းငယ်ကျရောက်သည်။ ထို့ကြောင့်စိုက်ပျိုးရေးထွက်နှုန်းတိုးစေရန် ဘက်စုံပိုးမွှားကာကွယ်နည်းသင်တန်းများ၊ သဘာဝမြေဆွေးပြု လုပ်နည်း နှင့် မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်းများ လိုအပ်သည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ် မွေးမြူလေ့မရှိ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ နွားကို ၆၅ အိမ် မှ ၃၃၅ကောင်၊ ကျွဲကို ၁ အိမ်မှ ၂ ကောင်၊ ဆိတ်ကို ၃ အိမ်မှ ၂၀ ကောင်၊ ဝက်ကို ၁၁၆ အိမ်မှ ၁၉၅ ကောင်၊ ကြက်ကို ၁၂၆ အိမ်မှ ၁၄၀၃ကောင်နှင့် ဘဲကို ၁ အိမ်မှ ၁၀ ကောင် မွေးမြူကြသည်။

မွေးမြူရေးလုပ်ကိုင်ရာတွင် စာကျက်မြေသီးသန့်မရှိ။ နှစ်စဉ်ရာသီရောဂါများ ကျရောက်ပြီး ဆုံးရှုံးမှုများသည်။ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိ ။ မျိုးကောင်းမျိုးသန့်များလည်း ဝယ်ယူလို့ မရရှိခြင်း၊ ချေးငွေ လွယ်ကူစွာမရရှိခြင်းစသည့် အခက်အခဲများရှိသည်။ ထို့ကြောင့် မွေးမြူရေး လုပ်ငန်းတိုးတက်စေရန် ချေးငွေနှင့် နည်းပညာသင်တန်းများလိုအပ်သည်။

### (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်သောကြောင့် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းမှာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ထုတ်ကုန်လုပ်ငန်းသာရှိသည်။ ဈေးကွက် အခြေအနေကိုကောင်းစွာနားမလည်ကြ။ ချေးငွေရရှိရန်ခက်ခဲသည်။ အသေးစားအလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ဆောင်မှုများလည်း အလွယ်တကူမရရှိကြပါ။ အသက်မွေးဝမ်းကျောင်း ပြုနိုင်သော ပညာတစ်ခုခုတတ်မြောက်မှုတွင်လည်း ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိကြပါ။ ထို့ကြောင့် အသက်မွေးဝမ်း ကျောင်းသင်တန်းများတက်ရောက်လိုကြသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သမဝါယမချေးငွေ ၊ စိုက်ဘဏ် နှင့် အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဟူ၍ ငွေချေးခြင်း ၃မျိုးရှိ သည်။ ၃ ခုလုံးမှာ ကာလတို/ လတ် ချေးငွေများဖြစ်ပြီးလိုအပ်သည့် အချိန်၊လိုအပ်သလောက် မရနိုင် ကြပါ။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေသမ္ဗာန် ၄စင်း၊ စက်ဘီး ၃ စင်း၊ မော်တော်ဆိုင်ကယ် ၇၀ စီး၊ သုံးဘီးဆိုင်ကယ် ၃စီး၊ ထော်လာဂျီ ၁ စီး၊ ကား ၃ စီး နှင့် နွားလှည်း၂၂ စီးရှိ သည်။

ကျေးရွာတွင်းလမ်းများမှာ ကျောက်ကြမ်း(ကြီး)လမ်းများဖြစ်သောကြောင့် သွားလာရခက်ခဲ သည်။ ထို့ကြောင့်ရွာချင်းဆက်လမ်းအဆင့်မြှင့်တင်လိုသည်။ ရွာချင်း ဆက်လမ်း/ ခရိုင်ချင်းဆက်လမ်း မှာလည်း ကတ္တရာလမ်းဖြစ်သော်လည်း ယခုခါ ပျက်စီးနေပြီဖြစ်သောကြောင့် ပြုပြင်ရန်လိုအပ်သည်။ ကုန်ထုတ်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် ရွှံ့၊ ဗွက်များဖြစ်သောကြောင့် လယ်ယာ ထွက်ကုန်များ သယ်ယူရန်များစွာခက်ခဲသည်။ ထို့ကြောင့် ကုန်ထုတ်လမ်းပြုပြင်ရန်လိုအပ်သည်။

ကျေးရွာတွင် ကွန်ကရစ်တံတားမှာ အလျား ၁၄ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၀ ပေရှိပြီး အရည် အသွေး ကောင်းမွန်သေးသည်။ သစ်သားတံတား ၂ စင်းမှာ (အလျား ၅၀ ပေ၊ အနံ ၁၅ပေ၊အမြင့် ၁၀ ပေ၊ နှင့် (အလျား ၆၇ ပေ၊ အနံ ၁၃ ပေ၊အမြင့် ၁၀ ပေ) ရှိပြီး ယခုအခါ ပျက်စီးနေသောကြောင့် ကွန်ကရစ် တံတားအသစ်ဆောက်လုပ်ရန် လိုအပ်သည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် အိမ်ခြေ (၁၆၀) ရှိသော်လည်း မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ (၃၀) အိမ်သာရှိသည်။ မဟာဓါတ်အားလိုင်းသွယ်တန်းပြီးဖြစ်သော်လည်း မီတာဘောက်တပ်ဆင်ပေးခြင်းမရှိသေး သောကြောင့် ကျန်အိမ်ထောင်စု (၁၃၀) မှာ ဆိုလာကိုသာအသုံးပြုနေကြသည်။ ဆိုလာမီးသုံးစွဲရာတွင် ဘက္ထရီကိုလည်း ၂ နှစ် တစ်ကြိမ် အသစ်လဲပေးရသဖြင့် အခက်အခဲရှိသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် ၁၃၂ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော ၊ မိုင်တဲဖုန်းများကို အများဆုံးအသုံးပြုကြသည်။ ရေဒီယို အလုံး(၇၉) ရှိသဖြင့် သုံးစွဲသူအသင့်အတင့်ရှိသည်။ တီဗီ ၂၃လုံးနှင့် ဂြိုလ်တုစလိုင်း (၆) လုံးရှိ သည်။

**၆။ ပညာရေး**

ကျေးရွာတွင် မူလတန်းလွန်ကျောင်းအဆင့်သာဖြစ်ပြီး ကျောင်းဆောင် ၂ဆောင်ရှိကာ ၁ ဆောင်မှာ ဆောက်လုပ်ဆဲဖြစ်ပြီး ၁ ဆောင်မှာတံခါးရွက်များပျက်စီးကာ နံရံအင်္ဂတေများကွာကျပြီးပျက်စီးနေပြီဖြစ်သည်။ ထို့ကြောင့် ကျောင်းဆောင်လုံလောက်မှုမရှိပါ။ ဝန်ထမ်းအိမ်ရာလုံလောက်မှုမရှိသောကြောင့် အဝေးမှလာရောက် သင်ကြားရသော ဆရာ/ဆရာမ များ မှာကျောင်းချိန်နောက်ကျခြင်း၊ ညနေတွင်စောပြန်ခြင်း၊ ကလေးငယ်များနှင့် ဘာသာစကားအခက်အခဲ ရှိခြင်း တို့ကြောင့် သင်ကြားရေးတွင် ကျေးရွာ၏ ပညာရေးအခြေအနေ မှာ နိမ့်ကျနေသည်ကို တွေ့ရသည်။ ကျေးရွာတွင်အလယ်တန်းနှင့် အထက်တန်းကျောင်းအဆင့်ကို ၃ မိုင်ခန့်ဝေးသော အကြဲကျေးရွာသို့ သွားရောက်တက်ကြရသဖြင့် ဆင်းရဲသော ကလေးငယ်အချို့ ကျောင်းဆက်မထားနိုင်ကြပါသည်။ ကျေးရွာမှ ဆရာ (၃) ဦးအား ထပ်မံဖြည့်စွက် ငှါး ရမ်းနေကြရသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား ကျောင်းသူအနည်းငယ်ရှိပါသည်။ ကျောင်းပရိဘောဂ များ နှင့် ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာများလည်း လုံလောက်မှုမရှိပါ။ ကျောင်းအာဟာရတိုက်ကျွေးမှုလည်းမရှိပါ။ ကျောင်းသောက်ရေသန့်အနေဖြင့် လုံလောက်မှုရှိသော်လည်း ရေအရည်အသွေးညံ့သောကြောင့် ကျောင်းသောက်ရေရရှိရေးနှင့် ရေသန့်စက်တပ်ဆင်ပေးရန် လိုအပ်ပါသည်။

စာမတတ်သော လူဦးရေများမှာ သက်ကြီးရွယ်အိုများဖြစ်ကြသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၂၉.၈၉)ရာခိုင်နှုန်း အထိများပြားခြင်း နှင့် အလယ်တန်းအဆင့်စာတတ်မြောက်သည့် လူဦးရေမှာ (၃၇.၅၂) ရာခိုင်နှုန်း၊ အထက်တန်းအဆင့်တတ်မြောက်သူ (၈.၁၁) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်ထိစာတတ်မြောက်သူ (၇.၁၅) ရာခိုင်နှုန်း ရှိသည်။ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုများမှာ တဖြည်းဖြည်း နည်းလာသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် နှစ်စဉ်ကာကွယ်ဆေးများပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရပညာပေး အစီအစဉ်များမရှိပါ။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနိမ့်ကာ ကျန်းမာရေးအသင့်အတင့် ကောင်းမွန်ကြသည်။ ကျေးလက်ကျန်းမာရေး ဌာနခွဲမရှိ ၈မိုင်ခန့်ဝေးသောမော်ဖောင်းကျေးရွာသို့သွားကြရသည်။ မြို့နယ်

ဆေးရုံသို့သွားလိုလျှင် မိုင် ၂၀ ခန့်ဝေးသည်။ အရေးပေါ်အခြေအနေများတွင် မြို့နယ်ဆေးရုံများသို့ ပို့ဆောင်ရန် လမ်းခရီးအခက်အခဲများရှိ သည်။

ကျေးရွာတွင် သောက်ရေတွင်း(၁) တွင်းသာရှိပြီး စတူးပြီးကတည်းကအသုံးမပြုကြပါ။ တစ်ရွာလုံး UNDP မှ ကူညီပံ့ပိုးပေးသော စိမ့်စမ်းရေကိုအသုံးပြုနေကြသည်။ ယခုအခါတွင် ရေလှောင်ကန် သေးငယ်ပြီး လူဦးရေများပြားလာသောကြောင့် ရေလုံလောက်မှုမရှိတော့ပါ။ ထို့ကြောင့် စိမ့်စမ်းရေ သွယ်တန်း လိုကြသည်။

ကျေးရွာတွင် (၁၆၀) အိမ်ရှိသည့်အနက် သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှုအနေဖြင့် ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ ၂၀၄ အိမ်နှင့် မသန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုတွင် တွင်း/ ဇလားအိမ်သာသုံးစွဲသူ ၂ အိမ်ရှိသည်။ ကျေးရွာတွင် အိမ်သာရှိပြီးအသုံးပြုနေကြသော်လည်း စနစ်တကျ သုံးစွဲမရှိကြသေးပါ။ အိမ်သာအရေအတွက်သည် ကျေးရွာ အိမ်ထောင်စုအရေအတွက်ထက်ပိုများနေရခြင်းမှာ ဘာသာရေးပိုင်အဆောက်အဦးနှင့် အိမ်သာများကိုပါ ထည့်သွင်းကောက်ယူထားခြင်းကြောင့် ဖြစ်သည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု ၊ မြေယာမဲ့ဆင်းရဲသားတောင်သူ နှင့် လက်လုပ်လက်စားကျပန်းများသည် သဘာဝဘေးအန္တရာယ်နှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေကြုံတွေ့ပါက ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။ လူငယ်များသည်လည်း မူးယစ်ဆေးဝါးပေါ်များသောကြောင့် မူးယစ်သားကောင်များအချိန်မရွေးဖြစ်ပေါ်နိုင်သောကြောင့် ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။ ဆေးစွဲသူများသည်လည်း ကူးစက်ရောဂါများအလွယ်တကူကျရောက်နိုင်သောကြောင့် ထိခိုက်ခံစားရလွယ်ကူပါသည်။

မြေဆီလွှာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ရေအရင်းအမြစ်၊ တိရစ္ဆာန်မျိုးကွဲများ နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓာတုဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိ အလွန်အကျွံသုံးစွဲသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုတွင်လည်း အန္တရာယ်ရှိမှုမြင့်ဖြစ်သည်။ သဘာဝပေါက်ပင်နှင့် တိရစ္ဆာန်မျိုးစိတ် များကို ထုတ်ယူသုံးစွဲခြင်းကြောင့် ရှားပါးလာပြီဖြစ်သည်။

## ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ဖရောကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း စီမံအုပ်ချုပ်မှုပိုင်းတွင် ရွေးချယ်တင်မြောက်ခြင်း ၊ နေရာပေးခန့်ထားခြင်းများမရှိပါ။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများမရှိသော်လည်း အကြဲ နှင့် ဖရောကျေးရွာအကြား ၃ မိုင်ခန့်မှာ တောအုပ်များ ဖြစ်နေခြင်းနှင့် မူးယစ် ဆေးသုံးစွဲသူများရှိသဖြင့် အမျိုးသမီးများသာမက အမျိုးသားများကိုပါ အကြမ်းဖက်မှုအန္တရာယ် ရှိသဖြင့် သတိထားသွားလာနေကြရသည်။ အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားဥပဒေဆိုင်ရာအသိပညာများ အားနည်းကြပါသည်။

ထို့ကြောင့် စွမ်းဆောင်ရည်မြှင့်သင်တန်းများ အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်းဥပဒေ သင်တန်းများ၊ ကာကွယ် စောင့်ရှောက်နည်းသင်တန်းများ၊ ကိုယ်ခံပညာသင်တန်းများဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

**၁၀။ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ(ဖရောကျေးရွာ)**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတားနှင့် အခြေခံ အဆောက် အဦဖွံ့ဖြိုးမှု စီမံကိန်း | ၁။ ရွာတွင်းလမ်းကွန်ဂရစ်လမ်းခင်းခြင်း<br>၂။ ကွန်ဂရစ်တံတားတည်ဆောက်ခြင်း<br>၃။ ကုန်ထုတ်လမ်းပြုပြင်ခြင်း<br>၄။ ရွာချင်းဆက်လမ်းပြုပြင်ခြင်း<br>၅။ ကျေးရွာဈေးတည်ဆောက်ခြင်း<br>၆။ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း | ၁ |
| ၂ | စိုက်ပျိုးရေရရှိရေး ဖွံ့ဖြိုး မှု စီမံကိန်း | ၁။ မြစ်ရေတင်စီမံကိန်း<br>၂။ ရေပန်းစနစ်တည်ဆောက်ခြင်း | ၂ |
| ၃ | ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။ ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါး<br>၂။ ကျန်းမာရေးလေ့ကျင့်ခန်းသုံးပစ္စည်း<br>၃။ အရေးပေါ်လူနာတင်ယာဉ် | ၃ |
| ၄ | လူငယ်ဖွံ့ဖြိုးရေး စီမံကိန်း | ၁။ ရိုးရာတီးဝိုင်း/ ခေတ်ပေါ်တီးဝိုင်းထူထောင် ခြင်း<br>၂။ အားကစားပစ္စည်းများ ပံ့ပိုးခြင်း<br>၃။ ယဉ်စည်းကမ်း/လမ်းစည်းကမ်းထိန်းသိမ်းမှုအသိပညာ ပေး သင်တန်း<br>၄။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေး သင်တန်း<br>၅။ လူကုန်ကူး ကာကွယ်တားဆီးရေးအသိပညာ ပေး သင်တန်း<br>၆။ နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း | ၄ |

| | | | |
|---|---|---|---|
| | | ၇။ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း<br>၈။ အင်တာနက် အကျိုးရှိရှိ အသုံးပြုနည်းသင်တန်း<br>၉။ ကိုယ်ခံပညာသင်တန်း<br>၁၀။ ကွန်ပျူတာသင်တန်း<br>၁၁။ အင်္ဂလိပ်စာသင်တန်း | |
| ၅ | အမျိုးသမီးများစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ခြင်း ဥပဒေသင်တန်း<br>၂။ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း<br>၃။ အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း | ၅ |
| ၆ | ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေး စီမံကိန်း | ၁။ မြစိမ်းရောင်စီမံကိန်း<br>၂။ မွေးမြူရေးမြစိမ်းရောင်စီမံကိန်း<br>၃။ အတိုးနှုံးသက်သာသော နှစ်ရှည်ချေးငွေ | ၆ |
| ၇ | မွေးမြူရေးနည်းပညာဖွံ့ ဖြိုးမှုစီမံကိန်း | ၁။ တိမွေးကုမွမ်းမံသင်တန်း<br>၂။ ကာကွယ်ဆေးထိုးခြင်း<br>၃။ ဥစား/အသားစား စံပြမွေးမြူခြင်း | ၇ |
| ၈ | စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေး စီမံကိန်း | ၁။ စပါး၊ပြောင်း၊မုံညှင်း၊နှမ်းမျိုးကောင်းမျိုးသန့် ရရှိရေး<br>၂။လယ်ယာသုံးစက်ကရိယာ အရစ်ကျရောင်းချခြင်း<br>၃။ နှစ်ရှည်ပင်မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း (ကြက်မောက်၊ မဆလာ၊ ကွမ်းသီး၊ ဂရိတ်ဖရု၊ ဒညင်း၊ တရုပ်ဆီးသီး/နှင်းသီး) | ၈ |
| ၉ | သောက်ရေနှင့်သန့်ရှင်းမှု ဖွံ့ဖြိုးမှု စီမံကိန်း | ၁။ စိမ့်စမ်းရေသွယ်ယူခြင်း/ပြုပြင်ခြင်း | ၉ |
| ၁၀ | စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းနည်းပညာ ဖွံ့ဖြိုး မှုစီမံကိန်း | ၁။ စက်၊ လက် ယက္ကန်းသင်တန်း<br>၂။ အလှပြင်သင်တန်း<br>၃။ စက်ချုပ်/ဒီဇိုင်နာ အဆင့်မြှင့်သင်တန်း<br>၄။ အိမ်တွင်းလျှပ်စစ်ပြုပြင်သင်တန်း | ၁၀ |

| | | | |
|---|---|---|---|
| | | ၅။ အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ထုတ်လုပ်မှုသင်တန်း<br>၆။ လက်သမား/ပန်းရံ အဆင့်မြှင့်တင်ရေးသင်တန်း<br>၇။ တယ်လီဖုန်းပြုပြင်နည်းသင်တန်း<br>၈။ ရိုးရာယက္ကန်းသင်တန်း/စက်ယက္ကန်းသင်တန်း<br>၉။ ဝါရိန်ဆော်သင်တန်း<br>၁၀။ ယို/ဝိုင် ပြုလုပ်နည်းသင်တန်း<br>၁၁။ မုံမျိုးစုံပြုလုပ်နည်းသင်တန်း<br>၁၂။ ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>၁၃။ ဝါးအခြေခံကုန်ချောယက်သင်တန်း<br>၁၄။ ပရိဘောဂသင်တန်း | |
| ၁၁ | စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း<br>၂။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း<br>၃။ သီးလှည့်စနစ်စိုက်ပျိုးနည်းသင်တန်း<br>၄။ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း<br>၅။ ကိုင်းကူးကိုင်းဆက်သင်တန်း | ၁၁ |
| ၁၂ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း<br>၂။ လေ့လာရေးခရီး | ၁၂ |
| ၁၃ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မူကြိုကျောင်း ကလေးကစားကွင်းတည်ဆောက်ခြင်း<br>၂။ ကျောင်းသုံးပရိဘောဂ<br>၃။ ဆရာ/ဆရာမဝန်ထမ်းအိမ်ရာ<br>၄။ ကျောင်းအားကစားပစ္စည်း<br>၅။ ကျောင်းသောက်ရေသန့် ရရှိရေး ရေသန့်စက်တပ်ဆင်ခြင်း | ၁၃ |

| | | | |
|---|---|---|---|
| | | ၆။ ကျောင်းခြံစည်းရိုး | |
| | | ၇။ ဆင်းရဲသားပညာရေးရံပုံငွေထူထောင်ခြင်း | |
| ၁၄ | ကျန်းမာရေး နည်းပညာ ဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အရံသားဖွါးသင်တန်း<br>၂။ ရှေးဦးသူနာပြုသင်တန်း<br>၃။ တိုင်းရင်းဆေးသင်တန်း<br>၄။ ကျန်းမာရေးအသိပညာပေးသင်တန်း | ၁၄ |
| ၁၅ | မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးမှုစီမံကိန်း | ၁။ တိရိစ္ဆာန် မျိုးကောင်းမျိုးသန့်ရရှိရေး | ၁၅ |
| ၁၆ | သဘာဝဘေးလျှော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မီးသတ် ရေကန်ဆောက်လုပ်ခြင်းနှင့် လက်ဆွဲမီးသတ်စက်<br>၂။ ရောဝတီမြစ်ရေထိန်းနံရံတည်ဆောက်ခြင်း | ၁၆ |
| | | ၃။ သဘာဝဘေးလျှော့ချရေးသင်တန်း | |
| ၁၇ | သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ပုဂ္ဂလိက သစ်တောစိုက်ခင်းထူထောင်ခြင်း (ကျွန်း၊ ရေမ နေ)<br>၂။ ကျေးရွာအမျိုက်ပုံးထားရှိခြင်း<br>၃။ အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း | ၁၇ |
| ၁၈ | ကျေးရွာမီးလင်းရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မီတာဘောက်များ အမြန်တပ်ဆင်ပေးရန် | ၁၈ |
| | | | |

နောက်ဆက်တွဲ(၁)

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၈ | ၁၉ | ၂.၆၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၁ | ၃၃ | ၆၄ | ၈.၉၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၉ | ၃၈ | ၈၇ | ၁၂.၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၂ | ၃၁ | ၆၃ | ၈.၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၉ | ၂၁၉ | ၄၄၈ | ၆၂.၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၂၃ | ၃၁ | ၄.၃ |
| စုစုပေါင်း | | ၃၆၀ | ၃၅၂ | ၇၁၂ | ၁၀၀ |
| စုစုပေါင်း အိမ်ထောင်စု (၁၆၀) | | တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၄၅ | | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ဖရောကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၆၀ ရှိပြီး လူဦးရေပေါင်း ၇၁၂ (ကျား ၃၆၀ + မ ၃၅၂) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၄၅ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် အနည်းငယ်နည်းသည်ကို တွေ့ရသဖြင့် လူဦးရေတိုးပွါးမှုနည်းသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် စုစုပေါင်း ၁၉ ဦး၊ ၂.၆၇% သာရှိသဖြင့် ယခုနှစ်များတွင် ကလေး မွေးဖွါးနှုန်း ကျဆင်းနေသေးသည်ကို တွေ့ရသည်။ ၅ နှစ်အောက်ကလေး ၆၄ ဦး (၈.၉၉%) ရှိသည်ကို သိရှိခြင်းအားဖြင့် လူဦးရေအသင့်အတင့်ရှိပြီးကာကွယ် ဆေးထိုးရမည့် ကလေးနှင့် မူကြိုကျောင်း တက်ရောက် နိုင်သည့် ကလေးအရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တိုင်းတာတွက်ချက်နိုင်မည်။ မူကြိုကျောင်း လိုအပ်မှုရှိမရှိကိုလည်း အလွယ်တကူ ဆန်းစစ်နိုင်သည်။ မူလတန်းအရွယ် ကလေး ၈၇ ဦး (ကျား ၄၉+မ ၃၈) (၁၂.၂%) နှင့် အလယ်တန်းကျောင်းသားအရွယ် ၆၃ ဦး (ကျား ၃၂+မ ၃၁) (၈.၈%) သိခြင်းဖြင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၄၄၈ (ကျား၂၂၉+ မ၂၁၉)၊ (၆၂.၉%) ရှိသောကြောင့်ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေ အနည်းငယ်များပြားသည်ကို တွေ့ရသည်။ ၎င်းတို့ကို အလုပ်အကိုင် ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်း လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်

များစွာအထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေ ထက် ၁၀ ဦး (၂.၂၃%) ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ် ကြီး ၃၁ ဦး (ကျား ၈+မ ၂၃ ဦး (၄.၃%) သာရှိသဖြင့် သက်ကြီးရွယ်ကြီးအလွန်နည်းနေသဖြင့် ကျေးရွာတွင် ကျန်းမာရေးအခြေအနေ အနည်းငယ်ညံ့နေသည်ဟု ခန့်မှန်းနိုင်ပါသည်။ သက်ကြီးရွယ်ကြီး တွင်လည်း အမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် ၁၇ ဦး (၂ ဆ) ကျော် ပိုများနေသည်ကို တွေ့ ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည် သည်ကိုတွေ့နိုင်သည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၉ | ၁၁၄ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇၈ | ၁၀၇ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၄ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၂ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၂ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၃ | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁၇ | ၁၆ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၂ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | ၄ | ၄ | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂ | ၃၆ | ၃၅ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၆၀ | ၂၉၆ | ၇၄ | ☒ |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် အိမ်ခြေ ၁၆၀ ရှိသည့်အနက် တစ်ရွာလုံးကစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၁၅၆) အိမ် (ကပ ၇၉ + လသ ၇၈) အိမ်နှင့် အလုပ်လုပ်သူဦးရေ ၂၂၁ ဦး (ကပ ၁၁၄ + လသ ၁၀၇)၊ မွေးမြူရေးကို အဓိကလုပ်ကိုင်သူ ၁ အိမ်မှ အလုပ်လုပ်ကိုင်သူ (ကပ ၁) ဦး၊ ဈေးရောင်းသူ ၁ အိမ်၊ အိမ်များတွင် အငှါးလိုက်ကျပန်းလုပ်ကိုင်သူ (၂) အိမ်ရှိသည်။ တွဲဖက်လုပ်ငန်း အနေဖြင့် ၇၄ အိမ်မှ အလုပ်လုပ်ကိုင်သူ (၇၅) ဦးရှိသည်။ ထို့ကြောင့် စုစုပေါင်း လုပ်ငန်းပေါင်း (၂၀၂) (အဓိကအလုပ်အကိုင် ၁၂၈ + တွဲဖက် အလုပ်အကိုင် ၇၄) ခုရှိပြီး အလုပ်လုပ် ကိုင်သူ (၂၆၆) ဦးရှိသည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၄၄၈) ဦးရှိသော်လည်း ယခုကျေးရွာတွင် အလုပ်လုပ်ကိုင်သူ ဦးရေ စုစုပေါင်းမှာ (၂၉၆) (၂၂၁ + ၇၅= ၂၉၆) ဦး ရှိသောကြောင့် အလုပ်လုပ်နေသော အရေအတွက်မှာ အလုပ်လုပ်နိုင်သူ အရေအတွက်ထက် နည်းနေကြောင်းတွေ့ရပါသည်။ အထက်တန်းနှင့် တက္ကသိုလ်တက် ရောက်နေသူ (၆၆) ဦးကို ချန်လှန်ပါက ကျန်အလုပ်လုပ်နိုင်သောအရွယ် (၈၆) ဦးမှာ အလုပ်လက်မဲ့ ဖြစ်နေ သည်ကို တွေ့ရ သည်။ ၁၆၀ အိမ်မှ အလုပ်လုပ်နေသူ (၂၉၆) ဦးရှိသောကြောင့် ၎င်း ၁၂၈ အိမ်မှာ မိသားစုစား ဝတ်နေရေးအတွက် တစ်အိမ်ထောင် ပျမ်းမျှ ၁.၈၅ ယောက်သည် အလုပ်လုပ်နေရကြောင်း သိနိုင်သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၇၄ အိမ်မှ ၇၅ ဦးရှိသည်ကို ကြည့်ခြင်းအားဖြင့်

(၇၅) ဦးသည်လည်း မိသားစု စားဝတ်နေရေး၊ ရပ်တည်ရေးအတွက် လုပ်ငန်းတစ်မျိုးထက်ပို၍ အလုပ်လုပ် နေကြရသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၅၀၀၀ | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ အကျဲ(ဖရော) ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းနှင့် ဆောက်လုပ်ရေး (လက်သမား/ပန်းရံ) လုပ်ငန်း ၃ မျိုးတည်းသာရှိသည်။

ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှာလည်း တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်လေ့ရှိပြီး စီးပွါးဖြစ်မဟုတ်သောကြောင့် ပုံမှန်အလုပ်အကိုင် မရှိကြပါ။ ရာသီချိန်တွင်သာ အလုပ်ရကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများမှာ ၈၀၀၀ ကျပ်ရကြသော်လည်း အမျိုးသမီးများမှာ ၅၀၀၀ ကျပ်သာရကြသဖြင့် ကျား/မ လုပ်အားခ များစွာခွဲခြားခံရသည်ကို တွေ့ရသည်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။ မြေယာမဲ့များအတွက် အလုပ်အကိုင်ပုံမှန်မရှိ သောကြောင့် ပြင်ပ ပြည်တွင်း ပြည်ပ (တရုတ်) သို့ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြရသည်။ ထုတ်ကုန်လုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခတန်းတူရကြပြီး ကျား/မလုပ်အားခခွဲခြားမှုမရှိပါ။ ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားများသာအလုပ်အကိုင်ရှိပြီး အမျိုးသမီးများအနေဖြင့် အလုပ်အကိုင်မရကြပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၁၅၃ | ကောင်း ☐ | သင့်☒ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၈၀ | ကောင်း ☐ | သင့်☒ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၇ | ကောင်း ☐ | သင့်☒ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၉၇ | ကောင်း ☐ | သင့်☒ | ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၅၄၇ | ☒ | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ဖရောဝ**ကျေးရွာတွင်** လယ် ၁၅၃ ကော၊ ဥယာဉ်ခြံမြေ ၁၇ကေနှင့် ကိုင်း/ ကျွန်းမြေ ၉၇ ကော၊ ပြောင်းဖူးစိုက်ပျိုးမြေ (၂၈၀) ကော၊ စုစုပေါင်းစိုက်ပျိုးမြေ တစ်ရွာလုံးတွင် (၅၄၇) ကေ ရှိသည်။ မြေဆီလွှာ အရည်အသွေးအနေနှင့် သင့်သည်ကို တွေ့ရသည်။ ကျေးရွာတွင် စိုက်ပျိုးမြေ တိုးချဲ့ရန် မြေလွတ်မြေလပ် မရှိကြတော့ပါ။ စိုက်ပျိုးမြေအများစုမှာ ပုံစံ (၇) မရကြသေးပါ။ ပုံစံ (၇) ရရှိရေး မြေစာရင်း ဦးစီးဌာနသို့ တင်ပြထားသော်လည်း ယခုအထိပုံစံ (၇) မရကြသေးသောကြောင့် အမြန် ရရှိရန် တင်ပြကြပါသည်။ လက်ရှိစိုက်ပျိုးမြေများကိုလည်း မြေယာပိုင်ဆိုင်မှု ပုံစံ (၇) မရရှိသော ကြောင့် ရွာသူ/သားများမှ မိမိ တို့ပိုင်မြေများ သိမ်းဆည်းခံ/ ဆုံးရှုံးသွား မှာကို အထူးစိုးရိမ် နေကြရ သည်။ ပုံစံ (၇) ၉၀ ကေသာရပြီးကျန်စိုက်ပျိုးမြေများမှာ ပုံစံ (၇) မရသေးပါ။ ကျေးရွာမှ ပုံစံ (၇) ရရှိရေး တင်ပြ ချက်အရ မြေတိုင်းခြင်းနှင့် မြေတိုင်းခနှင့် ပုံစံ (၇) စာရွက် ထုတ်ယူခတို့ကို ပေးကြရသော်လည်း ယနေ့ အထိ အများစုမှာ စိုက်ပျိုးမြေ ပုံစံ (၇) မရကြသေးပါ။

## (၈-၂) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)** | များ ☐ သင့် ☐ နည်း ☐ မရှိ ☒ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ ☐ သင့်☒ နည်း ☐ မရှိ ☐ | လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက်☒အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☒မရှိ ☐ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်များ အသင့်အတင့် ရှိပြီး အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် (ဆင်တုံး မနွယ်၊ ကျန်အပင်များမြန်မာအမည်မသိကြပါ) အပင်များစွာရှိသည်။ ထိရောက်စွာအသုံးချနိုင်မှုမရှိ။ စည်းကမ်းမဲ့ ခုတ်လှဲထုတ်ယူခြင်း ကြောင့် တဖြည်းဖြည်း ရှားပါးလာသည်။ သဘာဝပေါက်ပင်များကို ထိရောက်စွာ အသုံးချနိုင်ခြင်းမရှိ။ ဈေးကောင်းမရကြဘဲ ထုတ်ယူသုံးစွဲမှုများခြင်းကြောင့် တဖြည်းဖြည်း

ရှားပါးလာသည်။ သဘာဝပေါက်ပင်များကို ကျွမ်းကျင်မှုမရှိသောကြောင့် အကျိုးရှိရှိ အသုံးမပြုနိုင်ကြပါ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေးပညာသင်ကြား နိုင်ပါက ကျေးရွာဖွံ့ဖြိုး ရေးအတွက် အကျိုးရှိလာမည်ဖြစ်သည်။

သဘာဝတောရိုင်းတိရစ္ဆာန်အနေဖြင့် (ဂျီ၊ တောဝက်၊ ဆတ်၊ မျောက်လွဲကျော်၊ သင်းခွေကျပ်၊ တောကြက်၊ တောကြောင်၊ သစ်ခေါက်ငှက်၊ ဗျိုင်းမျိုးစုံ၊ ချိုး၊ ကြက်တူရွေး၊ ရှဥ့်ငပေါ များစွာရှိသော် လည်း စည်းကမ်းမဲ့ ဖမ်းယူစားသောက်ကြသောကြောင့် တဖြည်းဖြည်းရှားပါးလာပြီး မျိုးသုန်းပျောက် ကွယ်ကုန်ကြပြီ ဖြစ်သည်။ သဘာဝတောရိုင်းတိရစ္ဆာန်များကို ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိအသုံးပြုရန် ဗဟုသုတနှင့် ကျွမ်းကျင်မှုမရှိကြပါ။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ ကေအထက် | ၅-၁၅ ကေအကြား | ၁-၅ ကေအကြား | မြေယာမဲ့ |
| အိမ်အခြေအနေ | ကာလာသွပ်မိုး၊ တိုက်/အုပ်အ ကာ၊ ပျဉ်ထောင် ပျဉ်ခင်း | ရိုးရိုးသွပ်မိုး၊ ပျဉ်ထောင်ပျဉ်ခင်း /ထရံကာ၊ ပျဉ်ခင်း | ရိုးရိုးသွပ်အမိုး/ ထရံကာ၊ ကြမ်း ခင်း၊ | သက္ကယ်မိုး၊ ထရံ ကာ၊ မြေစိုက်/ဝါး ကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၁ စင်း၊ လက်တွန်းထွန်စက် ၁ စင်း၊ရေစုပ် စက် ၁ ခု၊ ထော် လာဂျီ ၁ စီး၊ ဂျစ်ကား ၁ စီး၊ကျွဲ/ နွား ၁၀-၁၀ ကောင် | လက်တွန်းထွန် စက် ၁ စင်း၊ ရေ စုပ်စက် ၁ ခုရှိ/မရှိ၊ ထော် လာဂျီ ၁ စီးရှိ/မရှိ။ ကျွဲ/နွား ၃-၁၀ ကောင် | ထော်လာဂျီ ၁ စင်း၊ ကျွဲ/နွား ၁-၃ ကောင် | ပေါက်တူး၊ ပေါက်ပြား၊ ဓါး၊ တံဇဉ် နှင့် ဝက်၊ ကြက် စသည်။ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား ၁-၂ စီး၊ ဆိုင်ကယ် ၁-၂ စီး၊ တယ်လီဖုန်း ၃ - ၅လုံး၊ တီ ဗီ ၁ ခု၊စလောင်း ပီအက်အိုင်/စကိုင်းနက် ၁ ခု။ ရေ ခဲသေတ္တာ ၁ ခု၊ | ဆိုင်ကယ် ၁ စီး၊ တယ်လီဖုန်း ၂-၃ လုံး၊ တီဗီ ၁ ခု၊ စလောင်း ၁ ခု။ | ဆိုင်ကယ် ၁စီး လိုင်စင်မဲ့၊ စက် ဘီး ၁ စီး၊ တယ် လီဖုန်း ၁-၂ လုံး၊ ခေါက်တီဗီ ၁ ခု၊ | စက်ဘီး ၁ စီး၊ ဖုန်း ၁ လုံး၊ ခေါက်တီ ဗီ ၁ ခု။ |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး/အရောင်း အဝယ် | ဈေးဆိုင်၊ တောင်သူလတ် | တောင်သူငယ်/ ဆင်းရဲသား တောင်သူ | ကျပမ်း၊ နေ့စား |
| **အိမ်ထောင်စု (၁၆၈)** | ၂၅ (၁၅.၆ %) | ၆၁ (၃၈.၁၂ %) | ၄၁ (၂၅.၆%) | ၃၃ (၂၀.၆%) |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် အိမ်ခြေ ၁၆၀ အိမ်ရှိပြီး အဆင့် ၁ (၂၅) အိမ် (၁၅.၆ %)၊ အဆင့် ၂ (၆၁)အိမ် (၃၈.၁၂%)၊ အဆင့် ၃ (၄၁) အိမ် (၂၅.၆%)၊နှင့် အဆင့် ၄ (၃၃) အိမ် (၂၀.၆%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုများသည် ကျေးရွာစီးပွါးဥစ္စာခနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာနည်းပြီး ၁၆၀ အိမ်ထောင်စု အနက် (၈၆) အိမ် (၅၃.၇%) ရှိပြီး ပိုင်ဆိုင်မှုအနေဖြင့်လည်း များပြားစွာပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေ အရေအတွက်မှာ ၁၆၀ အိမ်အနက် ၇၄ အိမ် (၄၆.၃%) ရှိသည်။ အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန် အဆင်မပြေ အရေအတွက်မှာ အရေအတွက်အားဖြင့်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် ရာသီ အလိုက်ခက်ခဲစွာ ရှာဖွေလုပ်ကိုင်စားသောက်ကြရသည်။ အများစုဖြစ်သော အဆင့် ၃နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ်များသို့ ကျပမ်း သွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းသောကြောင့် ပြင်ပ တရုပ်ပြည်သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက် ကြရာတွင် လုပ်အားခမရခြင်း၊ လူကုန်ကူခံရခြင်းများရှိသည်။

## (င) ထိခိုက်လွယ်မှု

### (င–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = ________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ___၁၅_____<br>လုပ်အားခကြိုယူ = ____၇_____ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) ၄၁ အိမ်နှင့် အဆင့် (၄) ၃၃ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၁၂အိမ်နှင့် အဆင့် (၄) မှ ၁၀ အိမ်ကို စစ်တမ်း ကောက်ယူရမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုအရ အခြားအစာပြောင်းလဲစားခြင်း ၊ အစာလျှော့စားခြင်း၊ အထောက်အပံ့ယူခြင်းတို့ မရှိပါ။ မိတ်ဆွေများ၊ ငွေချေးသူများထံတွင် ခက်ခဲသော အချိန်များ၌ ငွေချေးယူသောအိမ်ထောင်စု (၁၅) စုနှင့် လုပ်အားခကြိုယူသော အိမ်ထောင်စု (၇) စုသာရှိသည်။**

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၄ | ၆ | ၁၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂၀ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက် ၁၀ ဦး (ကျား ၄+ မ ၆) ဦးရှိပြီး စားဝတ်နေရေးများစွာ အခက်အခဲရှိသည်။ ထို့ ကြောင့်

၎င်းတို့အတွက် **နိုင်ငံတကာ သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေးအဖွဲ့များနှင့်** ချိတ်ဆက် ဆောင်ရွက်သင့်သည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုသည် ၁၅ အိမ် (၁၁.၅%) ရှိသဖြင့် အိမ်ထောင်ရှင် အမျိုးသားမရှိသောအမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများနေသည်ကို တွေ့ရသဖြင့် ၎င်းအိမ်ထောင်စုများအတွက်အတွက် ကူညီစောင့်ရှောက်မှု အထူးလိုအပ်ပြီး သည်။ အမျိုးသားများ သေဆုံးမှုများရခြင်းမှာ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် အများဆုံးဖြစ်သည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု ၂၀ (၁၅.၃၈%) ရှိသဖြင့် ဇနီးသေ/ အိမ်ထောင်ကွဲများပြားနေသည်ကိုတွေ့ရသည်။ အမျိုးသမီးသေဆုံးမှုအများစုမှာကျန်းမားရေးစောင့်ရှောက်မှုအားနည်းခြင်းနှင့် ဆေးရုံ/ဆေးခန်းသို့ အချိန်မီ မရောက်နိုင်ခြင်းကြောင့်ဖြစ်သည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ရေကြီးခြင်းတွင် နှစ်စဉ်ရေဝတီမြစ်ရေကြီးခြင်း၊ လူနှင့်တိရိစ္ဆာန်များ၊ စိုက်ပျိုးသီးနှံများသာမက လူနေအိမ်များပါ ပျက်စီးဆုံးရှုံးမှုရှိသောကြောင့် ထိခိုက်လွယ်မှုမြင့် ဖြစ်သည်။ ထို့ကြောင့်ရေဝတီမြစ်မြေထိန်းနံရံ/ ရေကာတာ ဆောက်လုပ်ရန် လိုအပ်သည်။ သဘာဝဘေးလျှော့ချ သင်တန်း လိုအပ်သည်။

စားနပ်ရိက္ခာမဖူလုံမှု၊ သဘာဝအရင်းအမြစ်ရှားပါးရခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ပြည်တွင်းပဋိပက္ခနှင့် ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှု စသည်တို့တွင် ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

စိုက်ပျိုးမြေနည်းပါးခြင်း၊ ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် ဖျက်ပိုး၊ ရောဂါများကျရောက်ခြင်း၊ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ခြင်းမရှိခြင်း၊ သွင်းအားစုများအသုံးမပြုနိုင်ခြင်းနှင့် နည်းပညာအားနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းခြင်းနှင့် ပုံမှန်အလုပ်အကိုင်မရှိ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ပုံမှန်ဝင်ငွေမရှိခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ကြောင့် စားနပ်ရိက္ခာမဖူလုံမှုတွင် ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေလပ်မရှိ။ သစ်တောပြုန်းတီးလာပြီး ရေထွက်များနည်း လာခြင်း/ ခမ်းခြောက်လာခြင်းတို့ကြောင့် သဘာဝအရင်းအမြစ်ရှားပါးမှုတွင်လည်း ထိခိုက်သက် ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

မီးသွေးဖုတ်၊ထုတ်လုပ်ခြင်း၊ တရားမဝင်သစ်ထုတ်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သစ်တောများ ပြုန်းတီးလာသဖြင့် ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

ငှက်ဖျားဖုံတွင် ကျရောက်ပြီး ဆင်းရဲသားများ ခြင်ထောင်အသုံးမပြုနိုင်ခြင်းကြောင့် ငှက်ဖျားရောဂါတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

လူငယ်များ မူးယစ်ဆေးသုံးစွဲခြင်းနှင့် အပျော်အပါးလိုက်စားခြင်းကြောင့် ကိုယ်ခံအားကျဆင်းမှုရောဂါတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောင်နိုင်မှုမရှိသေးသဖြင့် မကြာခဏ တိုက်ပွဲများ ဖြစ်ပွါးမှု ရှိသောကြောင့် ပြည်တွင်းပဋိပက္ခတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ပုံမှန်သွားလာသည့် ယာဉ်မရှိသောကြောင့် ဝေးလံခေါင်သီမှုတွင် ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

မုန်တိုင်း၊ မီးဘေး၊ မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု၊ တီဘီရောဂါ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုတို့တွင် တခါတရံ ကျရောက်မှုရှိသော်လည်း ပျက်စီးဆုံးရှုံးမှုမရှိ/ နည်းသောကြောင့် ထိခိုက်သက်ရောက်လွယ်မှု နိမ့်ဖြစ်သည်။

ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ငလျင်၊ ဆားငန်ရေဝင်မြေ၊ လူကုန်းကူးခြင်းတို့မှာ ထိခိုက်သက်ရောက်လွယ်မှု မရှိ သာလျှင်ဖြစ်သည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၉ | **ရွှေ့ပြောင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၂၀ | **ကားမောင်းပြီး အသက်မွေးသူများ** | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ အကြဲ(ဖရော)ကျေးရွာတွင်** ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ မြေယာမဲ့၊ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများ၊ ဆေးစွဲသူများ၊ လှည့်လည်ဈေးရောင်းသူများသည် ထိခိုက်သက် ရောက်နိုင်မှု မြင့်သည်။

လူငယ်များ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင်ရသူများဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာ သွားရောက် အလုပ်လုပ်ကိုင်ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊ မူးယစ်ဆေးသုံးစွဲမှု ရှိလာခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ရှိခြင်း၊ ယာဉ်အန္တရာယ် အချိန်မရွေးကျရောက်နိုင်ခြင်း၊ လူကုန်ကူး ခံရနိုင်ခြေများ ခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှု များခြင်းကြောင့် ထိခိုက်သက် ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်များသည် ထိခိုက် သက်ရောက်နိုင်မှုမြင့်ရခြင်းမှာသီးနှံအထွက်နည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိခြင်း၊ လုပ်အားခနည်းသဖြင့် မိသားစုဝင်ငွေနည်းခြင်းတို့ကြောင့် ဖြစ်သည်။

ဆေးစွဲသူများမှာ အများအားဖြင့် အသက်ငယ်နှင့် လူလတ်ပိုင်းများဖြစ်ကြပြီး ထိခိုက်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ မိသားစုဝင်များနှင့် အခြားပါတ်ဝန်းကျင်လူအများ၏ လုံခြုံမှုနည်းလာသောကြောင့် ထိခိုက် သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

လှည့်လည်ဈေးရောင်းသူများသည်လည်း ထိခိုက်သက်ရောက်လွယ်မှု နိမ့်အခြေအနေတွင် ရှိရခြင်းမှာ လုပ်ကိုင်သူနည်းပါးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၄င်းတို့သည်လည်း ထိခိုက်လွယ်မှု နိမ့်သည်။

သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော ဒေသတွင်နေထိုင်သူများ၊ မတော်တဆ ဖြစ်နိုင်ခြေများသောနေရာတွင် နေထိုင်သူများ၊ မြေနိမ့်ပိုင်းနေထိုင်သူများ၊ လူနည်းစု လူမျိုးများ၊ ဒေသတွင်းပဋိပက္ခ ဧရိယာတွင်နေထိုင်သူများ၊ လည့်လည်ဈေးရောင်းသူများသည် ထိခိုက်သက်ရောက် လွယ်မှု နိမ့်ဖြစ်သည်။

ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု မရှိကြပါ။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

## (က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ | ၁☐ ၂☒ ၃☐ | ၈ | ၂ | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ဂရုဏာ | ၁☒ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |
| ၃ | လူငယ် (အပျို၊ လူပျို အဖွဲ့) | ၁☐ ၂☒ ၃☐ | ၁၈ | ၁၂ | ၃၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၄ | MCU ငွေစုငွေချေး | ၁☒ ၂☐ ၃☐ | ၃ | ၂ | ၅ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင်း အဖွဲ့ပေါင်း (၄) ဖွဲ့ရှိပြီးအဖွဲ့ (၂) ဖွဲ့မှာ ဘာသာရေးနှင့် လူမှုရေးကို အခြေခံသောအဖွဲ့ များဖြစ်ကြပြီး ကျန် ၂ ဖွဲ့ဖြစ်သော ဂရုဏာအဖွဲ့နှင့် အမ်စီယူအဖွဲ့များမှာ စီးပွါးရေး(ငွေကြေး–ငွေစုငွေချေးနှင့် ဘာသာရေး)ကို အခြေခံသောအဖွဲ့ဖြစ်သည်။ ၄င်းအဖွဲ့များအနက် ရပ်ရွာ၏ လိုအပ်ချက်အရဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ်အဖွဲ့များမှ စွမ်းဆောင်နိုင်မှုလည်း ကောင်းသည်။ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန် အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ အဖွဲ့ဝင်ဦးရေအရ ကျား/မ အားလုံးပါဝင်ကြသော်လည်း အလုပ်တာဝန်ခွဲဝေသည့်အခါ အမျိုးသားများကသာ အရေးပါသော ဆုံးဖြတ်ချက်ချနိုင် သော(ဥက္ကဋ္ဌ/အတွင်းရေးမှူး စသည်) တာဝန်များကိုယူ လေ့ရှိကြပြီး အမျိုးသမီးများမှာ အရေးမပါသော (အဖွဲ့ဝင်/သော့ထိမ်းစသည်) တာဝန်များကို ပေးလေ့ ရှိကြသည်။ စီးပွါးရေးကို အခြေခံဖွဲ့စည်းသော အဖွဲ့ ၂ ဖွဲ့မှ ပြင်ပမှ လုပ်ငန်းလိုအပ်ချက် အရဖွဲ့စည်း ခဲ့ကြခြင်းဖြစ်ပြီး ကျား/မအချိုးပါဝင်ဖွဲ့စည်းခဲ့ကြသည်။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုနှင့် ငွေစာရင်း ထိန်းသိမ်းမှုတို့ကို သင်တန်းပေးထားပြီး လုပ်ဆောင်နေကြသည်။ ၄င်းလက်ရှိအဖွဲ့အစည်းများကို လေ့လာရာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် သီးခြားတာဝန်များ ခွဲဝေလုပ်ဆောင်နေကြသော်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးကို စနစ်တကျ ဦးဆောင်နိုင်ခြင်းမရှိသေးဘဲ စွမ်းဆောင်ရည် အားနည်းနေ

သေးသည်ကို တွေ့ရသည်။ ၎င်းအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်ဖွံ့ဖြိုးရန် လို အပ်နေသေးသည်။

## (က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | မေတ္တာဖေါင်ဒေးရှင်း | ၁☐ ၂☐ ၃☐ ၄☒ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☒ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☒<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ အကြံကျေးရွာတွင် လက်ရှိ ပြင်ပအဖွဲ့ အစည်းများအနေဖြင့် မေတ္တာဖေါင်ဒေးရှင်းအဖွဲ့မှာ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးကို လုပ်ဆောင်ပေးနေသည်ကို တွေ့ရသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (ခ–၁) သီးနှံထုတ်လုပ်ရေး

## (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၂ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၄၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၄၈ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၆ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၆၀ | ☒ |

ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အကြံကျေးရွာတွင် အိမ်ခြေ ၁၃၀ အိမ်ရှိသည့်အနက် မြေယာမဲ့ ၆၂ အိမ်၊ ဆင်းရဲသားတောင်သူ ၄၄ အိမ်၊ တောင်သူငယ် ၄၈ အိမ်နှင့် တောင်သူလတ် ၆ အိမ်ရှိသည်။ ၁၆၀ အိမ်အနက် (မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်သည် အရေအတွက် အားဖြင့် (၁၅၄) (၉၆.၂၅%)ရှိပြီး အရေအတွက်များသော်လည်း မြေယာပိုင်ဆိုင်မှုမှာနည်းပြီး တောင်သူလတ် အရေအတွက်မှာ (၆) အိမ် (၃.၇၅%) သာရှိပြီး အရေအတွက်နည်းသော်လည်း မြေယာပိုင်ဆိုင်မှု အလွန်များသည်

ကိုတွေ့ရသည်။ မြေယာပိုင်ဆိုင်မှု ညီမျှမှုမရှိကြောင်း တွေ့ရသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် စိုက်ပျိုးရေး လုပ်ငန်းမှာလည်း စီးပွါးဖြစ်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်သာ စိုက်ပျိုးကြသောကြောင့် မြေယာမဲ့၊ ဆင်း ရဲသားတောင်သူနှင့် တောင်သူငယ်များမှ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းနှင့် ကျေးရွာတွင်လုပ် အားခနည်းသောကြောင့် ပြည်ပ (တရုတ်) သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စား သောက်ကြရသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | ၁၅၃ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☒ မဖြေဆိုပါ☐ | ရှိ☐ မရှိ☒ မဖြေဆိုပါ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ဖရော ကျေးရွာတွင် လယ်ကေစုစုပေါင်း ၁၅၃ ကေကို ယူအင်န်ဒီပီမှ ကူညီမှုဖြင့် ခရီတူဆည်၊ ကဝါးခါ၊ထမွမ်၊ဗန်လုံဆည် စသဖြင့် ဆည် ၄ ခုကိုဆောက်လုပ်ထားသော ဆည်

မြောင်း ၄ ခုမှ စိုက်ပျိုးရေကို ရရှိကြသည်။ ယခုအခါ ၄င်းဆည် ၄ ခုမှာလည်း မိုးခေါင်ခြင်း၊ ရာသီဥတုဖေါက်ပြန်ခြင်းကြောင့် ဆည်မှ စိုက်ပျိုးရေလုံလောက်မှု မရကြတော့ပါ။ ဉယာဉ်ခြံ ၁၇ ကေနှင့် ကိုင်းကျွန်းမြေ ၉၇ ကေရှိပြီး သွင်းရေမရကြပါ။ မိုးရေကိုသာ အားကိုး စိုက်ပျိုးရသောကြောင့် စိုက်ပျိုး ရေလိုသလို မရကြပါ။ သီးနှံအထွက်နှုန်းနည်းသည်။ သွင်းရေမရကြပါ။ ရေဝတီမြစ်နှင့် နီးသောကြောင့် **မြစ်ရေတင်စီမံကိန်းလိုအပ်သည်။ရွာနှင့်အနီးတွင်ခရီတူတောင်ကျရေ/စိမ့်စမ်းရေရှိသောကြောင့် ရေပန်းစနစ် (သို့မဟုတ်) ဆည်မြောင်းတူးဖေါ်နိုင်သည့် အလားအလာကောင်းရှိသည်။**

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| ဆောင်းပြောင်း | ၂၈၀ | တင်း | ၂၀ | ၃၀ | ၂၅ | ၉ လ | ၂ လ | မြင့်☒ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☒ |
| မိုးပြောင်း | ၂၈၀ | တင်း | ၁၀ | ၁၅ | ၁၂ | ၅ | ၉ | | |
| စပါး | ၁၅၃ | | ၆၀ | ၉၀ | ၇၅ | ဇွန် | ဒီဇဘ်ာ | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☒ နိမ့်☐ |
| မုန့်ညှင်း | ၃၀ | တင်း | ၁၅ | ၂၀ | ၁၇.၅ | ၁၀ လ | ၁ လ | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☒ |
| နှမ်း | ၁၄၀ | တင်း | ၅ | ၁၅ | ၁၀ | ၈ လ | ၁၁ လ | မြင့်☐ လတ်☐ နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☒ နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။အကြဲ(ဖရော) ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊မိုးပြောင်း၊ မုံညှင်းနှင့် နှမ်းတို့ဖြစ်ပါသည်။ စပါးစိုက်ဧကပေါင်း (၁၅၃) ဧကရှိ ပြီး ဇွန်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝဘ်ာ/ဒီဇဘ်ာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံး ထွက်နှုန်းမှာ တဧက တင်း ၆၀ မှ အများဆုံး တင်း ၉၀ နှင့် ပျမ်းမျှ ၇၅ တင်းနှုန်းထွက်သဖြင့် စပါးထွက်နှုန်း အသင့်အတင့်ရှိသည်။ သွင်းအားစုလိုအပ်ချက်မှာ မြင့်ဖြစ်ပြီး အမြတ်ရရှိနိုင်မှု လတ်ဖြစ်သည်။

ဆောင်းပြောင်းဖူးစိုက်ဧကမှာ ၂၈၀ ဧကခန့်ရှိပြီး စက်တဘာလတို့တွင် စတင်စိုက်ပျိုးပြီး ဖေဖေါ်ဝါရီလတို့တွင် ရိတ်သိမ်းကြသည်။ သီးနှံအနည်းဆုံးထွက်နှုန်းမှာ (၂၀) တင်းနှင့် အများဆုံး ထွက်နှုန်းမှာ (၃၀) တင်း ဖြစ်သောကြောင့် ပျမ်းမျှ ၂၅ တင်းနှုန်းထွက်သည်။ သွင်းအားစုလိုအပ်ချက် မြင့် ဖြစ်ပြီးအမြတ်ရရှိမှုမှာ နိမ့်ဖြစ်သည်။ အထက်ပါမြေနေရာတွင် မိုးပြောင်းကို ဆက်လက်စိုက်ပျိုးသ ဖြင့် မိုးပြောင်းစိုက်ပျိုးမြေမှာလည်း ၂၈၀ ဧကရှိပြီး မေလတွင် စတင်စိုက်ပျိုးပြီး စက်တဘာလတွင် ရိတ် သိမ်းကြသည်။ မိုးရာသီတွင် ရေကြီးခြင်းကြောင့် ပုံမှန်ထွက်နှုံးမရကြပါ။ တခါတရံရေကြီးသဖြင့် ဘာမှရလိုက်ကြရသည်လည်းရှိသည်။ အများဆုံးထွက်နှုံးမှာ ၁၅ တင်းအထိသာရကြသည်။ မြေတ နေရာတည်းတွင် ပြောင်းကို နှစ်စဉ်ဆက်တိုက် စိုက်ပျိုးခြင်းကြောင့် စိုက်ပျိုးမြေများ မြေဆီလွှာများ တဖြည်းဖြည်းညံ့လာပြီး တစ်နှစ်ထက်တစ်နှစ် သီးနှံအထွက်လျော့လာသည်ကိုတွေ့ရသည်။ သွင်းအားစု လိုအပ်ချက်မြင့်ပြီး အမြတ်ရရှိနိုင်မှုနိမ့်သည်။ မုံညင်းကို (၃၀) ဧကခန့်စိုက်ပျိုးကြပြီး အောက်တိုဘာ လတွင် စတင်စိုက်ပျိုးကြပြီး ဇန္နဝါရီလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံး တစ်ဧက ၁၅ တင်းနှုန်းထွက် ပြီး အများဆုံး ၂၀ တင်း နှုန်းထွက်သည်။ ပျမ်းမျှ တစ်ဧက ၁၇.၅ တင်းနှုန်း ထွက်သည်။ သွင်းအားစုလို အပ်ချက်နိမ့်ပြီး အမြတ်ရရှိနိုင်မှု လတ်ဖြစ်သည်။ နှမ်းစိုက်ပျိုးဧက (၁၄၀) ခန့်ရှိပြီး ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး နိုဝဘာလတွင် ရိတ်သိမ်းကြသည်။ တစ်ဧက အနည်းဆုံး ၅ တင်းမှ အများဆုံး ၁၅ တင်းထွက်သဖြင့် ပျမ်းမျှ (၁၀) တင်းနှုန်းထွက်သည်။ သွင်းအားစု လိုအပ်ချက်နိမ့်ပြီး အမြတ်ရရှိနိုင် မှုမြင့်သည်။ **စပါး၊ ပြောင်း၊နှမ်းမျိုးကောင်း မျိုးသန့် လိုအပ်သည်။**

## (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| **ထွန်စက်** | ၁ | | | |
| **လက်တွန်းထွန်စက်** | ၈ | | | **ရာသီအပြတ်ငှါးပါက တစ်ရာသီ စပါး (၅၀) တင်းနှင့် တစ်ရက်ငှါးခ စပါး ၅ တင်းပေးရသည်။** |
| **အစေ့ချ ကိရိယာ** | | | | |
| **ရိတ်သိမ်းခြွေလှေ့စက်** | | | | |
| **ရိတ်သိမ်းစက်** | | | | **တစ်ရက် စပါး ၇-၈ တင်းပေးရသည်။** |
| ခြွေလှေ့စက် | | | | **စပါးတင်း ၁၀၀ လျှင် ၃-၄ တင်းပေးရ သည်။** |
| ရေစုပ်စက် | | | | **ကိုယ်ပိုင်အဖြစ်သာ အသုံးပြုလေ့ရှိသည်။ အလှည့်ကျ အပြန်အလှန်ကူညီကြသည်။** |
| ခြေနင်းရေတင်စက် | | | | |

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| မြက်ရိတ်စက် | ၅ | | | ငှါးလေ့မရှိ။ကိုယ်ပိုင်သာသုံးလေ့ရှိသည်။ |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် လယ်ယာသုံးစက်ကရိယာအနေဖြင့် ထွန်စက် ၁စင်း ရှိပြီးငှါးရမ်းခမှာ တစ်ရက် လျှင် ၂၅၀၀၀ ကျပ်ပေးရသည်။ လက်တွန်းထွန်စက် (၈) စင်းရှိပြီး ငှါးခမှာ တစ်ဧက(၂၅၀၀၀) ကျပ်ပေးရသည်။ မြက်ရိတ်စက် ၅ ခု မိမိကိုယ်ပိုင်စက်ကို လူငှားပြီး ခိုင်း ပါက (ဆီထည့်ပေးပြီး လုပ်အားခ ၇၀၀၀ ကျပ်) ပေးရပြီး စက်ပါငှားရမ်းအသုံးပြုပါက တစ်ရက် ၁၀၀၀၀ ကျပ်ပေးရသည်။ အများအားဖြင့်ကိုယ်ပိုင်လုပ်ငန်းအတွက်သာ သုံးစွဲလေ့ ရှိသည်။ အချိန်မီထွန် ယက်စိုက် ပျိုးနိုင်ရန် လုံလောက်မှုမရှိသောကြောင့် ငှါးရမ်းသုံးစွဲကြရသည်။ ထိုကြောင့် လယ်ယာသုံး စက်ကရိယာ လုံလောက်မှုမရှိ၊ ကုန်ကျစရိတ်များသောကြောင့် **လယ်ယာသုံးစက်ကရိယာ အရစ်ကျ ဝယ်ယူလိုကြသည်။**

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☒ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☒ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ☒ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☒ ရသည် ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☒<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☒ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☒ မဖြေဆိုပါ ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☒ ရနိုင်သည်☐ မဖြေဆိုပါ ☐ |
| နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☒ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>သီးနှံများကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအထွက်နှုံးတိုးစေရန် သဘာဝရေမြေ ရာသီဥတု၊ လယ်ယာမြေအသုံချနိုင်မှု၊ စိုက်ပျိုးရေအရင်းအမြစ်နှင့် လယ်ယာမြေအသုံးချနိုင်မတို့တွင် အသင့်အတင့်ရှိသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု ရကြပါသည်။ သီးနှံမျိုးစေ့ ဝယ်ယူရရှိနိုင်သည်။ သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများနှင့် ပါတ်သက်၍ ဖြေဆိုခြင်းမရှိပါ။ ဗဟုသုတလည်းနည်းသည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြား ဓါတုဗေဒသွင်းအားစုများကို ဝယ်ယူရရှိနိုင်သည်။ လုပ်အားနှင့် နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများလည်း ရရှိနိုင်သည်။ ထွက်ကုန်သီးနှံများကိုလည်း ရောင်းချနိုင်ပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီသြဇာမကောင်း☒ ရာသီဥတုမမှန်☒<br>မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☒<br>ပလပ်မြေများရှိသည် ☐ |

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐** |
| စိုက်ပျိုးရေ အရင်းအမြစ် | **အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐** |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐** |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | **အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐** |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | **အလွယ်တကူမရနိုင် ☐ လုံးဝမရ ☒ မဖြေဆိုပါ ☐** |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | **အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင် ☒လုံးဝမရ ☐ မဖြေဆိုပါ ☐** |
| နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | **အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐** |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | **သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☒**<br>**သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐** |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | **ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☒ အနည်းငယ် ☐ မဖြေဆိုပါ ☐** |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများအနေဖြင့် သဘာဝရေမြေရာသီဥတုအနေအထားတွင် မြေဆီသြဇာမကောင်း၊ တဖြည်းဖြည်း ညံ့လာပြီး မြေဆီလွှာများ ခမ်းခြောက်လာသည်။ ရောဝတီမြစ်ရေကြီးချိန်တွင် ကမ်းပါးမြေပြိုသဖြင့် စိုက်ပျိုးမြေဆုံးရှုံးမှု သာမက လူနေအိမ်များပါ ဆုံးရှုံးမှုရှိသည်။ စိုက်ပျိုးရေကိုလည်း အလွယ်တကူမရနိုင်ကြပါ။ ချေးငွေဝန်ဆောင်မှုလည်း အလွယ်တကူမရကြပါ။ ပုံစံ (၇) မရရှိ သောကြောင့် တောင်သူအများစုမှာ စိုက်ဘဏ်မှ ချေးငွေမရကြပါ။ သီးနှံမျိုးစေ့မှာ မျိုးစေ့ဝယ်ယူ အချိန်တွင် ဈေးအရမ်းကြီးပြီး အလွယ်တကူမရနိုင်ပါ။ သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာလုံးဝ မရပါ။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာ စသည်တို့ကိုလည်း အရင်းအနှီး မတတ်နိုင်သောကြောင့် အလွယ်တကူ မဝယ်နိုင်ကြပါ။ အရင်းအနှီးမရှိသောကြောင့် လိုအပ်သောအချိန်၊ လိုသလောက် ပမာဏကိုလည်း လုံလောက်စွာ ဝယ်

ယူအသုံးပြုနိုင်ခြင်းမရှိကြပါ။ ကျေးရွာစိုက်ပျိုးချိန်တွင် ကျွမ်းကျင်လုပ်သား အလုပ်သမားရှားပါး ခြင်း ရှိသည်။ ပြီးခဲ့သည့်နှစ်တွင် သီးနှံဖျက်ပိုး အသင့်အတင့် ကျရောက်ခဲ့ပြီး နည်းပညာနှင့် ဝန်ဆောင် မှုများ ကိုလည်း အလွယ်တကူမရကြပါ။ ဘက်စုံပိုးမွှား ကာကွယ်နည်း၊ သဘာဝမြေဆွေးပြုလုပ်နည်း၊ မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းများ လိုအပ်သည်။ စိုက်ပျိုးရေး ထွက်ကုန်ဈေးကွက်အနေဖြင့်လည်း ဈေးနှုန်း မှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိ။ ဈေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်ခြင်းမရှိ။ ဈေးကောင်း မရကြပါ။ ဈေးကွက် တည်ငြိမ်မှုမရှိပါ။ ပြီးခဲ့သည့်နှစ်နှင့် ယခုလက်ရှိအခြေအနေအရ ပြောင်းသီးနှံများ ဖျက်ပိုးနှင့် ရောဂါ ဆိုးဝါးစွာ ကျရောက်မှုရှိသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၆၅ | ၃၃၅ |
| **နို့စားနွား** | | |
| **ကျွဲ** | ၁ | ၂ |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၃ | ၂၀ |
| သိုး | | |
| ဝက် | ၁၁၆ | ၁၉၅ |
| ကြက် | ၁၂၆ | ၁၄၀၃ |
| ဘဲ | ၁ | ၁၀ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **ဖရော**ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ နွား၊ ကျွဲ၊ ဝက်နှင့် ကြက်ကို အဓိက မွေးမြူကြပြီး နွားကို ၆၅ အိမ်မှ ၃၃၅ ကောင်၊ ကျွဲကို ၁ အိမ်မှ ၂ ကောင်၊ ဆိတ်ကို ၃ အိမ်မှ ၂၀ ကောင်၊ ဝက်ကို ၁၁၆ အိမ်မှ ၁၉၅ ကောင်၊ ကြက်ကို ၁၂၆ အိမ်မှ ၁၄၀၃ ကောင်နှင့် ဘဲကို ၁ အိမ်မှ ၁၀ ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ ဈေးကွက်အလုံလောက်ရှိသဖြင့် တိုးမြှင့်မွေးမြူလိုကြသော်လည်း မွေးမြူရေးချေးငွေမရှိ။ နှစ်စဉ်ရာသီ အလိုက်ရောဂါများ ဆိုးရွားစွာကျရောက်လေ့ရှိပြီး ကျေးရွာတွင် လိုအပ်သည့်အချိန်တွင် နည်းပညာဝန်ဆောင်မှု အလွယ်တကူ မရနိုင်ကြသောကြောင့် ဆုံးရှုံးမှုများသည်။ အရင်းအနှီးနည်းသည်။ မွေးမြူထုတ်လုပ်ရောင်းချရာတွင်လည်း သားသတ်လိုင်စင်၏ မတရားခေါင်းပုံဖြတ်မှုခံရသည်။ လွတ်လပ်စွာရောင်းချခွင့်မရှိကြသောကြောင့် ဈေးကောင်းမရ၊ အကျိုးအမြတ် နည်းနေသေးသည်။ ထို့ကြောင့် **သားသတ်လိုင်စင်စနစ် ဖျက်သိမ်းပေးပါရန်နှင့်** မွေးမြူရေးနည်းပညာများ လိုအပ်သည်။ **(ဥစား/အသားစားကြက်စံပြမွေးမြူခြင်းလိုအပ်သည်။)**

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | ပေါများ ☐ အသင့်အတင့်☒ မဖြေဆိုပါ ☐ |
| **ရေရရှိမှု** | အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☒ မဖြေဆိုပါ ☐ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☒<br>မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☐ မဖြေဆိုပါ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☒<br>မဖြေဆိုပါ☐ |
| သွင်းအားစု (**မွေးမြူရေး အစာ၊ဆေးစသည်**)ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☒ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐<br>မဖြေဆိုပါ ☒ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည်☒ အသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐ |
| ငါးလုပ်ငန်း | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☒ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐<br>မဖြေဆိုပါ ☒ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐<br>မဖြေဆိုပါ ☒ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☒ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐<br>မဖြေဆိုပါ☒ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ☒ မဖြေဆိုပါ ☐ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **အကြဲ(ဖရော)**ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန် အတွက် အခွင့်အလမ်းကောင်းများအနေဖြင့် စားကျက်မြေသီးခြားမရှိသော်လည်း သီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ၄င်းနေရာများတွင် လွှတ်ကျောင်းနိုင်သဖြင့် စားကျက်အသင့်အတင့်ရှိသည်။ ရေအသင့်အတင့်ရနိုင်သည်။ မျိုးတိရစ္ဆာန်များရရှိနိုင်မှု လွယ်ကူစွာဝယ်ယူရရှိနိုင်သည်။ ချေးငွေ အသင့်အတင့်ရရှိနိုင်သည်။ သွင်းအားစုဈေးကွက်၊ ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုတို့တွင် ယခင် ယူအင်န်ဒီပီ

စီမံကိန်း၏ အကူအညီဖြင့် တိမွေးကုသင်တန်းဆင်းရှိသည်။ မွေးမြူရေးထုတ်ကုန်များကိုလည်း ရောင်းချရန်ဈေးကွက်လည်း အလုံအလောက်ရှိပြီး ရောင်းချနိုင်သည်။ အိမ်တိုင်းတွင် မွေးမြူရန် မြေနေရာ အလုံအလောက်ရှိကြသည်။

## (၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| မွေးမြူရေး | |
| စားကျက်မြေ | စားကျက်မြေ ရှားပါးသည် ☒ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☐ |
| ရေရရှိမှု | ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ☒ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☐<br>မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ☒ |
| ချေးငွေ | ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☐ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☒ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☒<br>သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐ |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ☒<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ☐ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☒<br>ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐ မဖြေဆိုပါ ☒ |
| ငါးလုပ်ငန်း | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ☒ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ☐<br>မဖြေဆိုပါ ☒ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝ ချေးငွေမရပါ ☐ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | မဖြေဆိုပါ ☒ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☒ |
| နည်းပညာ အကူ အညီနှင့် နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ☐ မဖြေဆိုပါ ☒ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐<br>ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☒ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | မလွယ်ကူပါ ☒ မဖြေဆိုပါ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများမှာ စားကျက်သီးသန့်မရှိ၊ ရှားပါးလာသည်။ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်လက်လှမ်းမီမှုနှင့် ပါတ်သက်၍ ဖြေဆိုခြင်းမရှိပါ။ မွေးမြူရေးသွင်းအားစုများ၊ နည်းပညာနှင့်ဝန်ဆောင်မှု စသည်တို့ကို အလွယ်တကူမရနိုင်သောကြောင့် နှစ်စဉ်ရာသီရောဂါများ ကျရောက်ပြီး ဆုံးရှုံးမှုများသည်။ မွေးမြူရေးထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်ခြင်းမရှိ။ လွတ်လပ်စွာအချိန်မရွေးရောင်းချခွင့်မရ။ သားသတ်လိုင်စင်ရှိသူထံကိုသာရောင်းချရ သောကြောင့် အချိန်မရွေးရောင်းချနိုင်မှုမရှိ။ သားသတ်လိုင်စင်၏ဈေးနှိမ်ခေါင်းပုံဖြတ်ခံကြရသဖြင့် မွေးမြူရေးတောင်သူများအတွက် အကျိုးအမြတ်နည်းပါးသဖြင့် မွေးမြူသူနည်းပြီး သားငါးထုတ်လုပ်မှု ကျဆင်းနေသည်။ သားသတ်လိုင်စင်ဖျက်သိမ်းပေးရန်၊ မွေးမြူရေးချေးငွေနှင့် နည်းပညာလိုအပ်သည်။

## (ခ–၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | **များ** ☐ **အသင့်အတင့်** ☒ **မဖြေဆိုပါ** ☐ |
| လယ်ယာသားငါး ထွက်ကုန် မဟုတ် | **ဈေးကွက်ကောင်းရှိသည်** ☐ **ဈေးကွက် အသင့်အတင့်** ☒ |

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သော အခြားဒေသထွက်ကုန်များကို ရောင်း ချရန် ဈေးကွက်ရှိခြင်း | **မဖြေဆိုပါ** ☐ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | **ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည်** ☐<br>**အသင့်အတင့် နားလည်သည်** ☐ **မဖြေဆိုပါ** ☒ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | **ကောင်း** ☐ **သင့်** ☒ **မဖြေဆိုပါ** ☐ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | **ပေါများ** ☐ **သင့်** ☒ **မဖြေဆိုပါ** ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | **ကောင်း** ☐ **သင့်** ☐ **မဖြေဆိုပါ** ☒ |
| ချေးငွေ ရရှိနိုင်ခြင်း | **လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်** ☐ **ချေးငွေရနိုင်သည်**☐<br>**မဖြေဆိုပါ**☒ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | **နည်းပညာနှင့်** အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ **ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။** ☐<br>**နည်းပညာနှင့်** အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ **ဝန်ဆောင်မှုများ ရနိုင်သည်။** ☐ **မဖြေဆိုပါ** ☒ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ် သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | **ကျွမ်းကျင်စွာ တတ်မြောက်သည်** ☐ **အသင့်အတင့်** ☐<br>**မဖြေဆိုပါ**☒ |
| အလုပ်အကိုင် အခွင့်အလမ်း | **များ** ☐ **အသင့်အတင့်** ☐ **မဖြေဆိုပါ** ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **အကြဲ(ဖရော)ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများအနေဖြင့် အလုပ်လုပ်နိုင်သော အရွယ် ၆၂.၉ ရာခိုင်နှုန်းနှင့် အထက် လူဦးရေ (၄၄၈) ဦးရှိသည်။ ဈေးကွက်ဆိုင်ရာ အသိအမြင့် နှင့် ပါတ်သက်၍ ဖြေဆိုခြင်းမရှိပါ။ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ကုန်ကြမ်းရရှိနိုင်မှုသင့်သည်။ လျှပ်စစ်မီး ရရှိနိုင်မှု၊ ချေးငွေရ ရှိနိုင်မှု၊ အသက်မွေးဝမ်းကျောင်းနည်း ပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရရှိနိုင်သော်လည်း၊ အလုပ်နှင့် လိုက်လျော ညီထွေဖြစ်သော အသက်မွေးဝမ်းကျောင်း နည်းပညာ တစ်ခုခု တတ်မြောက်ခြင်း ၄င်းတို့နှင့် ပါတ်သက်၍ဖြေဆိုခြင်းမရှိပါ။ အလုပ်အကိုင်အခွင့်အလမ်း အသင့်အတင့်သာရှိသောကြောင့် အသက်မွေးဝမ်းနည်းပညာများ သင်ကြားရန် စိတ်ဝင်စားမှုရှိသည်။

## (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် **ပြဿနာနှင့်အခက်အခဲ**များ

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး ☐ လုံးဝမရှိ ☐ မဖြေဆိုပါ ☒ |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း ☐ ဈေးကွက်မရှိ ☐ မဖြေဆိုပါ ☒ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ☒<br>လုံးဝ နားမလည် ☐ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ ☐ အလွန်ညံ့ ☐ မဖြေဆိုပါ ☒ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှု နည်းသည် ☐ ကုန်ကြမ်း မရှိပါ ☐ မဖြေဆိုပါ ☒ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရပါ ☒ လုံးဝ မရပါ☐ မဖြေဆိုပါ ☐ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ ☒ ချေးငွေမရပါ ☐<br>မဖြေဆိုပါ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | **နည်းပညာနှင့်** အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ **ဝန်ဆောင်မှုများ အလွယ်တကူ မရပါ** ☒<br>**နည်းပညာနှင့်** အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ **ဝန်ဆောင်မှုများ လုံးဝ မရပါ** ☐ **မဖြေဆိုပါ** ☐ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ် သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ☒ လုံးဝ မတတ် ☐<br>မဖြေဆိုပါ ☐ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း ☒ အလုပ်အကိုင်အခွင့်အလမ်း မရှိ ☐<br>မဖြေဆိုပါ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ ကျေးရွာတွင် လုပ်သားအင်အားရရှိနိုင်မှုနှင့်

ဒေသထွက်ကုန်အတွက် ဈေးကွက်တို့နှင့် ပါတ်သက်၍ ဖြေဆိုခြင်းမရှိပါ။ ဈေးကွက် အခြေအနေကို ကောင်းစွာ နားမလည်ကြပါ။ လမ်းပန်းဆက်သွယ်ရေး နှင့် ကုန်ကြမ်းရရှိနိုင်မှုတို့တွင် ဖြေဆိုခြင်းမရှိပါ။ ကျေးရွာသို့ လျှပ်စစ်မီးရောက်ရှိသော်လည်း မီးပုံမှန်မလာ။ အရင်းအနှီးအတွက် ချေးငွေကိုလိုသလောက် မရ၊ လွယ်ကူစွာမရရှိပါ။ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း အလွယ်တကူမရကြပါ။ ကျွမ်းကျင်စွာ တတ်မြောက်ခြင်းမရှိ။ အနီးအနားတွင် စက်ရုံ၊ အလုပ်ရုံမရှိသောကြောင့်လည်း ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း လည်း မရှိကြပါ။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| စဉ် | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | **“ရွှေ့ပြောင်းသွားလာ နေထိုင်သူ”** တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စု နှင့်လူဦးရေ | ၂၀ | | | | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ |
| ၂ | **ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ** | | | | | | | | | | |
| | ၃ လ အထိ | | | | | | | | | | |
| | ၆ လ အထိ | | | | | | | | | | |
| | ၁၂ လ အထိ | | | | | | | | | | |
| | ၁၂ လ အထက် | | | | | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**မှတ်ချက်။** ။ ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု/မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒ ပါမှု/ မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည် ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်း တစ်နယ် တစ်ကြေးသို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **“ရွှေ့ပြောင်းသွားလာနေထိုင်သူ”** ဟု သတ် မှတ်သည်။ ယခင်က ရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည် အခြေချနေထိုင် လျှက်ရှိသူများသည် <u>ဤဇယားတွင် အကျုံးမဝင်ပါ</u>။ ယခုလတ်တလောတွင် ခရီးယာယီ သွားနေသူများသည် လည်း <u>ဤဇယားတွင် အကျုံးမဝင်ပါ</u>။

**လေ့လာတွေ့ရှိချက်။** ။ **အကြဲ(ဖရော)**ကျေးရွာတွင် ၂၀ အိမ်ထောင်စုမှကျား ၁၁ဦး + မ ၉ဦး သည် ပြည်ပ (တရုတ်ပြည်) သို့ စုစုပေါင်း ရွှေ့ပြောင်းသွားလာသူ ၂၀ဦး ရှိသည်။ ၄င်းတို့ အားလုံးမှာ ၁၂ လ နှင့်အထက် ပြည် ပသို့ ရွှေ့ပြောင်းသွားသည်။ ရလာဒ်အနေဖြင့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူများ မှာ ရရာအလုပ်ကို လုပ်ကိုင်ကြရပြီး အများစုမှာ ကုမ္ပဏီများတွင် ဝင်ရောက် အလုပ်လုပ်ကြရသည်။ ယခင်က လူကုန်ကူးခံရခြင်း၊ လုပ်အားခမရခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ တရားဝင်နိုင်ငံကူးလက်မှတ် မရှိသောကြောင့် အဖမ်းခံရခြင်းများခံခဲ့ကြရသည်။ ယခုနောက်ပိုင်းအတွေ့အကြုံရှိလာသောကြောင့်အနည်းငယ် လျော့နည်းလာသည်။ ၄င်းတို့၏ ရရှိလာသောအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို မိမိတို့ ကျေးရွာတွင်ပြန်လည်အသုံးချနိုင်ပါကကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်လာနိုင်ပါသည်။ ပြည်တွင်း ရွှေပြောင်း သွားလာကြသူများမှ ရွှေမှော်များသို့ သွားရောက်လုပ်ကိုင်ကြရပြီး ပြည်ပသို့ သွားရောက်သူများမှာ တရုတ်ပြည်သို့ ရာသီလုပ်ငန်းများကို သွားရောက်လုပ်ကိုင်ကြရသည်။

### (ဂ–၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၂၀ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ (ပညာသင်) | |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**လေ့လာတွေ့ရှိချက်။** ။ ရွှေ့ပြောင်းသွားလာသူများ(၂၀) ယောက် ရှိသည့်အနက် အားလုံးမှာ အလုပ်၊ ဝင်ငွေအတွက် သွားလာကြခြင်းဖြစ်သည်။

### (ဂ– ၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂၀ | | ၂၀ | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၂၀ | ☒ | | |

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| | - ခ။ ဘဏ် | | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းနှစ်မျိုးကို အသုံးပြု၍ | | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍ | | | | |

**ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ (ဖရော) ကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူ (၂၀) အိမ်မှ ပြန်ပို့ငွေကို ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)ဖြင့်သာအများဆုံး ပေးပို့ကြပြီး အခက်အခဲ တစ်စုံတစ်ရာမရှိကြပါ။ ပြန်ပို့ငွေအပေါ် မှီခိုနေရသော အိမ်ထောင်စုများမှာ ၂၀ အိမ်ထောင်အနက် ပို့ငွေ အပေါ် မှီခိုနေရမှု လတ် (၂၀) အိမ် အိမ်ဖြစ်သည်။

## (ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

**ဇယား** (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ရွာတွင်းနံနက်လမ်းဘေးဈေး | မြစ်ကြီးနား (၁၅) မိုင် |
| **ရွာမှအကွာအဝေး (မိုင်)** (**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင် ☒ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☒ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်☒ စက်ဘီး☒ ဆိုင်ကယ် ☒ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☒ ကား/ထော်လာဂျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် ☒ လှေ ☐ စက်လှေ ☐ |
| **ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☒ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☒ အဝတ်အထည်☒ ဆောက်လုပ်ရေးပစ္စည်းများ၊ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☐ အဝတ်အထည်☐ ဆောက်လုပ်ရေးပစ္စည်းများ၊ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| | ပရိဘောဂများ☐<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☐ | ပရိဘောဂများ ☐<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☒ |
| **ဈေးအခြေခံအဆောက်အဦ** | ကောင်း☐ သင့်☐ ညံ့☒ | ကောင်း☒ သင့်☐ ညံ့☐ |
| **ဝန်ဆောင်မှု** | ကောင်း☐ သင့်☐ ညံ့☒ | ကောင်း☒ သင့်☐ ညံ့☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **အကြဲ(ဖရော)** ကျေးရွာတွင် နံနက်ခင်းဈေးရှိပြီး ခြေလျင်၊ စက်ဘီး ဆိုင်ကယ်တို့ဖြင့် သွားလာကြရသည်။ ၄င်းဈေးမှ ကုန်စိမ်း/ခြောက်၊ မီဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်းများ၊ သာဝယ်ယူ ရောင်းချနိုင်ပြီး ဈေးအဆောက်အဦးနှင့် ဝန်ဆောင်မှုညံ့သည်။ အကြီးစားဈေးအနေဖြင့် မြစ်ကြီးနားဈေးဖြစ်ပြီး ၁၅ မိုင်ကျော်ဝေးသည်။ ဆိုင်ကယ်၊ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တို့ဖြင့် သွားလာရသည်။ မြစ်ကြီးနားဈေးမှာ ကုန်မျိုးစုံ အချိန်မ ရွေးဝယ်ယူရရှိနိုင်ပြီး ဈေးဝန်ဆောင်မှုကောင်း သည်။ သုံးဘီးကားဖြင့် မြစ်ကြီးနားသို့ သွားလာကြပြီးလူတစ်ဦးလျင် ၂၀၀၀ ကျပ်ပေးကြရသည်။ ဒေသထွက်ကုန်များ မြစ်ကြီးနားသို့ တင်ပို့ရောင်းချလိုပါက စင်းလုံးငှါးသွားလာကြရပြီး ၁၅၀၀၀ ကျပ် ပေးရသည်။ ၄င်းသုံးဘီးမှာ ဈေးသို့ တစ်ခေါက်သွားနေပါက ကျန်လူများသွားလာရန်လိုအပ်ပါက ၄င်း သုံးဘီးကား ပြန်လာသည်အထိ စောင့်ပြီးမှ နောက်တစ်ခေါက်သွားလာကြရသဖြင့် အချိန်မရွေး သွား လာနိုင်ခြင်းမရှိ။ သုံးဘီးတက္ကစီ လုံလောက်မှုမရှိပါ။ မြစ်ကြီးနားမြို့နှင့် သိပ်မဝေးသော်လည်း သွား လာရန် ယဉ်မရှိသောကြောင့် သွားလာရေးခက်ခဲသည်။ ထို့ကြောင့် အများပြည်သူ သွားလာရေး လွယ် ကူစေရန်အတွက် **အများပြည်သူသုံးဘတ်စ်ကားလိုင်းပြေးဆွဲပေးခြင်း၊ သုံးဘီးတက္ကစီထူထောင်ခြင်း၊ ဆိုင်ကယ်တက္ကစီထူထောင်ခြင်းတို့ လိုအပ်ပါသည်။**

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲမျ ား |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ ☒<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☒<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☒<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည်☒<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☒<br>မရှိပါ ☐ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| သမဝါယမချေးငွေ | ကာလတိုချေးငွေ ☒<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☒<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☒<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☒ | နည်းသည်☐<br>ရှိသည် ☐<br>မရှိပါ ☒ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှု ကဏ္ဍ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည်☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အဖွဲ့အလိုက် ငွေစု/ ငွေချေး အစီအစဉ် | ကာလတိုချေးငွေ ☒<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☒<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☒<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☒ | နည်းသည် ☐<br>ရှိသည် ☒<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☒ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☒ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲမျ ား |
|---|---|---|---|---|---|
| | | တစ်နှစ်နှင့် အထက် ☒ | ၁၀% ထက်☐ | | |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည်☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေး သော အဖွဲ့များ။**

**မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ ကာလတိုချေးငွေ ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ ကာလလတ်ချေးငွေ ဆိုသည်မှာ <u>၃ နှစ်မှ ၅ နှစ်အထိ</u>၊ ကာလရှည် ချေးငွေဆိုသည်မှာ <u>၅ နှစ်မှ ၁၀ နှစ် အထိ</u>ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ (တစ်ဧက ၁၀၀၀၀၀ ကျပ်) တောင်သူ (၃၀) အိမ် (၂၀၀) သိန်းခန့် ချေးငွေရရှိသော်လည်း စိုက်ပျိုးမြေပုံစံ (၇) ရှိသူလူနည်းစုသာ ရကြသည်။ စိုက်ဘဏ်ချေးငွေမှာကာလတိုချေးငွေဖြစ်ပြီး အတိုးနှုန်းနည်းသော်လည်း ရရှိရန်ခက်ခဲသည်။ စိုက်ဘဏ်ချေးငွေမှာလည်း စိုက်ပျိုးချိန်မီ မရကြပါ။ ရာသီသီးနှံအတွက်သာ ချေးငွေရသဖြင့် နှစ်ရှည်ပင်များစိုက်ပျိုးနိုင်ခြင်းမရှိ။ ပြန်ဆပ်ချိန်ကို သတ်မှတ်ရက်အတိုင်း မဖြစ်မနေ ပြန်ဆပ်ကြရသဖြင့် သီးနှံဈေးကောင်းမရဘဲ မဖြစ်မနေသီးနှံရောင်း ပြန်ဆပ်ကြရသည်။ ထို့ကြောင့် လက်ရှိစိုက်ဘဏ် ချေးငွေမူဝါဒမှာ တောင်သူများအတွက် ထိရောက်မှုနှင့် အကျိုးမရှိသောကြောင့် လက်ရှိစိုက်ဘဏ် မူဝါဒများအား ပြန်လည်သုံးသပ်၍ တောင်သူများနှင့် ကိုက်ညီသော နှစ်ရှည်ချေးငွေများ ချထားပေး ရန်လိုအပ်သည်။ စိုက်ပျိုးမြေများမှာလည်း ပုံစံ(၇) မရှိသောကြောင့် အစိုးရစိုက်ပျိုးရေးဘဏ်မှချေးငွေမရကြပါ။ စိုက်ဘဏ်ချေးငွေမှာရရှိရန် အလွန်ခက်ခဲသည်။ ပုံစံ (၇) ရရှိရန် တင်ပြထားပြီး တောင်သူများမှ မြေတိုင်းခနှင့် ပုံစံ (၇) စာရွက် ထုတ်ယူခတို့ကို ပေးနေကြရသော်လည်း ပုံစံ (၇) မရရှိသေးဘဲ အများစုမှာ ကြံ့ကြာနေသောကြောင့် တောင်သူများအနေဖြင့် များစွာနစ်နာမှုရှိသည်။ ထို့ကြောင့် ပုံစံ (၇) အမြန် ရရှိရန်တင်ပြကြသည်။ ကျေးရွာတွင် သမဝါယမချေးငွေလည်းရှိပြီး ကာလတိုချေးငွေဖြစ်သည်။ အတိုးမှာ ၁–၂% ရှိပြီး အများဆုံး ၂–၃ သိန်းအထိသာ ချေးယူနိုင်ကြသည်။ အတိုးကို လစဉ်ပေး ဆပ် ကြရသည်။ အပေါင်ပစ္စည်း မလိုအပ်သော်လည်း လူတိုင်းချေး၍မရကြပါ။ အဖွဲ့ဝင်သူကိုသာ ငွေချေးကြ သည်။

ကျေးရွာတွင် အဖွဲ့လိုက် ငွေစု/ငွေချေးအစီအစဉ်ရှိပြီး ကာလတိုချေးငွေဖြစ်သည်။ ၆လမှ တစ်နှစ်အတွင်း ပြန်ဆပ်ကြရသည်။ အတိုးနှုန်းမှာ ၂–၅% ဖြစ်ပြီး အပေါင်ခံပစ္စည်းမလိုအပ်ပါ။ အဖွဲ့ဝင်သာ ချေးခွင့်ရပြီး လူတိုင်းချေးငွေမရသောကြောင့် အခက်အခဲရှိသည်။

ထို့ကြောင့် တောင်သူများနှင့် သင့်လျော်သော အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေးရန် တင်ပြကြသည်။

**(စ) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ–၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အကြောင်းအရာ | အန္တရာယ်ရှိမှု |
|---|---|
| မြေဆီဩဇာ အခြေအနေ | မြင့်☐ လတ်☒ နိမ့်☐ |
| အပင်မျိုးစိတ်များ | မြင့်☐ လတ်☒ နိမ့်☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့်☒ လတ်☐ နိမ့်☐ |
| ရေအရင်းအမြစ် | မြင့်☐ လတ်☒ နိမ့်☐ |
| ငါးမျိုးကွဲများ | မြင့်☐ လတ်☐ နိမ့်☒ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်☐ လတ်☒ နိမ့်☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့်☐ လတ်☒ နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာအခြေအနေတွင် ပြောင်းသီးနှံတမျိုးတည်းကို မြေတစ်နေရာတည်းတွင် နှစ်စဉ်ဆက်တိုက် စိုက်ပျိုးသည့် အလေ့အကျင့်နှင့် ဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီဩဇာ လျော့နည်းလာပြီး မြေဆီလွှာပျက်စီးမှုအန္တရာယ်ရှိမှု လတ်ဖြစ်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (သစ်၊ ဆေးဖက် ဝင်အပင်များ၊ သစ်ခွ၊ ဝဥများ စသည်) တို့မှာလည်းစည်းကမ်းမဲ့ ထုတ်ယူရောင်းချနေကြသောကြောင့် တဖြည်းဖြည်းရှားပါးလာသဖြင့် အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓာတုဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိ အလွန်အကျွံသုံးစွဲသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုတွင်လည်း အန္တရာယ်ရှိမှုမြင့်ဖြစ်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ တဖြည်းဖြည်းခမ်းခြောက်လာသဖြင့် ရေအရင်းအမြစ်များ အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ ငါးမျိုးကွဲများနှင့် ပါတ်သက်၍ အန္တရာယ်ရှိမှုနိမ့်ဖြစ်သည်။ အခြားတောရိုင်းတိရိစ္ဆာန်များမှာလည်း စည်းကမ်းမဲ့မုဆိုးလိုက်ခြင်း၊ တရုတ်ပြည်သို့ရောင်းချခြင်းနှင့် ထိန်းသိမ်း

မှုအားနည်းခြင်းကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှုလတ်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများ ကိုလည်း စနစ်တကျ စွန့်ပစ်မှုမရှိဘဲ စည်းကမ်းမဲ့စွန့်ပစ်သောကြောင့် သဘာဝပါတ်ဝန်းကျင်ထိခိုက် မှုလတ်ဖြစ်သည်။ ထို့ကြောင့်သဘာဝမြေဆွေး ပြုလုပ်ခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းနည်းသင်တန်းများ၊ ကျေးရွာလမ်းဆုံ များတွင် အမှိုက်ခြင်း ထားခြင်း/အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း စသည် တို့လိုအပ်သည်။

## (ဆ) ပညာရေး

### (ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၅၃ | ၅၆ | ၁၀၉ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၉၂ | ၉၆ | ၁၈၈ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၁၁၈ | ၁၁၈ | ၂၃၆ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၁၉ | ၃၂ | ၅၁ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၇ | ၃၈ | ၄၅ |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**မှတ်ချက်။** ။ ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။**

ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် **ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို "အလယ်တန်းအဆင့်ရှိသူဦးရေ" တွင် ထည့်သွင်းရပါ မည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း** (Grade 3) **တွင် ပညာသင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ - ဘုန်းကြီးကျောင်းထွက်) ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို "မူလတန်းအဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ "ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်းသူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝ မတတ်ပါက "စာမတတ်သူဦးရေ" တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် ၅ နှစ်အထက်လူဦးရေ (၆၂၉) ရှိသည့်အနက် စာမတတ်သူ ၁၀၉ ဦး (ကျား ၅၃ + မ ၅၆)၊ မူလတန်းအဆင့် အတန်းပညာပြီးမြောက်သူ ၁၈၈ (ကျား ၉၂၊

မ ၉၆) ဦး၊ အလယ်တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၂၃၆ ဦး (ကျား ၁၁၈၊ မ ၁၁၈) ဦး၊ အထက်တန်းအဆင့် အတန်းပညာပြီးမြောက်သူ ၅၁ ဦး (ကျား ၁၉၊ မ ၃၂) ဦး၊ တက္ကသိုလ်၊ ကောလိပ် အဆင့် အတန်းပညာပြီးမြောက်သူ (၄၅) (ကျား ၇၊ မ ၃၈) ဦးရှိသဖြင့် ကျေးရွာလူဦးရေနှင့် နှိုင်းယှဉ် လျှင် ကျေးရွာ၏ စာတတ်မြောက်မှုအခြေအနေမှာ အနည်းငယ်ကောင်းသည်ကို တွေ့ရှိရသည်။ အသက် ကြီးပိုင်းများတွင် စာမတတ်သူများသည်။ လူလတ်ပိုင်းများမှာ မူလတန်းအဆင့်နှင့် အလယ် တန်းအ ဆင့်သာ တတ်မြောက်သူများသည်။ ယခုလူငယ်ပိုင်းတွင် အလယ်တန်း၊ အထက်တန်းနှင့်၊ တက္ကသိုလ် အဆင့်ထိ ပညာတတ်မြောက်သူများလာသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ပညာတတ် မြောက်သူဦးရေ ပိုများသည်ကို တွေ့ရသည်။ ဤသို့ဖြစ်ရသည်မှာ အမျိုးသားများမှာ အရွယ်ရောက်လာ ပါက မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် ကျောင်းထွက်အ လုပ်လုပ်ကြရပြီး ပညာဆက်လက် သင်ကြားနိုင်ခြင်း မရှိသောကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် ပညာတတ်ဦး ရေနည်း ပါရခြင်းဖြစ်သည်။ အမျိုးသမီးသည် အမျိုးသားများနှင့်တန်းတူ ပညာသင်ကြားခွင့် ရကြသည်ကို လည်း တွေ့ရသည်။

## (ဆ-၂) ကျောင်းတက်နှုန်း

**ဇယား** (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၅၄ | ၅၉ | ၁၁၃ |
| အလယ်တန်း | ၃၇ | ၃၇ | ၇၄ |
| အထက်တန်း | ၂၂ | ၂၅ | ၄၇ |
| တက္ကသိုလ်/ကောလိပ် | ၉ | ၁၀ | ၁၉ |

**ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ **အကြဲ**ကျေးရွာတွင် မူလတန်းကျောင်းသားအရွယ် ၈၇ ဦးသာရှိ သော်လည်း လက်ရှိ မူလတန်းတက်ရောက်သူမှာ ၁၁၃ ဦးတက်ရောက်နိုင်သဖြင့် ၁၂၉.၉% ကျောင်းတက်နိုင်သည်ကို တွေ့ရသည်။ (ရာဘာခင်းစောင့်မိသားစု+ မလေးရွာ၊ ဇီးဖြူကုန်းရွာ၊ ပြောင်းခင်းစောင့်မိသားစုမှ ကလေးငယ်များလည်း လာရောက်ကျောင်းတက်ကြခြင်းနှင့် အချို့ကလေးငယ်များမှာ ၅ နှစ်ကျော်မှ ကျောင်းကို စနေကြရသောကြောင့် ဤသို့ မူလတန်းကျောင်းသားဦးရေ ပိုများ နေရခြင်းဖြစ်သည်။

အလယ်တန်းကျောင်းသားအရွယ် ၆၃ ရှိသော်လည်း လက်ရှိ အလယ်တန်းကျောင်း တက်သူမှာ ၇၄ ဦး (မလေး၊ ဇီးဖြူကုန်းမှာလာတက်သည်) ရှိသဖြင့် ကျောင်းတက်နှုန်းမှာ ၁၁၇.၅% ရှိနေရခြင်းအကြောင်းမှာလည်း အချို့ကလေးငယ်များမှာ အသက်ကြီးသော ကလေးငယ်များလည်း ကျောင်းတက်နေခြင်းကြောင့်ဖြစ်သည်။ ရွာတွင်အလယ်တန်းနှင့် အထက်တန်းကျောင်းမှာမရှိ၊ ၃ မိုင်ခန့်ကွာဝေးသော အကြံရွာ အထက ကျောင်းသို့ (ခြေလျင်ဖြင့် တစ်နာရီခန့်ကြာ) သွားရောက် ကျောင်းတက်ကြရသဖြင့် ဆင်းရဲသားကလေးငယ်အချို့ ကျောင်းဆက်မထားနိုင်ကြပါ။ အချို့ကလေးငယ်များမှာလည်း ကျောင်းသို့ မရောက်ကြဘဲ ပျက်ကွက်နေသည်များလည်းရှိသည်။ အရွယ်ရောက်လာသော အချို့ကလေး ငယ်များမှာ မိသားစုဝင်ငွေအတွက် လယ်ယာလုပ်ငန်းခွင်သို့ အလုပ်လုပ်ကြရသည်။ အထက်တန်း ကျောင်းသား ဦးရေမှာ (၄၇) (ကျား ၂၂ + မ ၂၅) ဦးရှိပြီး (၈) မိုင်ခန့်ဝေးသော မော်ဖေါင်းရွာနှင့် မြစ်ကြီး နားသို့ သွားရောက်တက်ကြ ရသည်။ တက္ကသိုလ်/ ကောလိပ် တက်ရောက်နေသူ (၁၉) ဦး (ကျား ၉ + မ ၁၀) ဦး သဖြင့်တစ်ရွာလုံး၏ (၂.၇%) သာရှိသည်ကိုကြည့်ခြင်းဖြင့် ကျေးရွာ၏လူဦးရေနှင့်နှိုင်းယှဉ်လျှင် ပညာရေး အခြေအနေမှာများစွာ အားနည်းနေသေးသည်ကို တွေ့ရသည်။ မိဘများဆင်းရဲသောကြောင့် အချို့ ကလေးငယ်များပညာရေးထူးချွန်သော်လည်း ကျောင်းဆက်မနေနိုင်ကြပါ။ ထို့ကြောင့်**ဆင်းရဲသားပညာရေး ရံပုံငွေ ထူထောင်ပေးရန်နှင့် အလယ်တန်းကျောင်း ခွဲချထားပေးရန်** တင်ပြအပ် ပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☒<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☒<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | အဟောင်း( ၉၀'၊ ၃၀')<br>အသစ်တစ်ဆောင် ဆောက်လုပ်ဆဲ (၉၀'၊ | | |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ၃၀’) | | | | | | | | |
| ငါ။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☒ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☒ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐ ညံ့ ☒ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☒ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဖ။** ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၁ | ၆ | ၇ | | | | | | |
| ကျေးရွာခန့် | ၁ | ၂ | ၃ | | | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ အကြဲ(ဖရော)**ကျေးရွာတွင် မူလတန်းလွန်ကျောင်းအဆင့်သာရှိပြီး ကျေးရွာတွင် မူလတန်းကျောင်းသားဦးရေမှာ (၁၁၃) ရှိသည်။ လက်ရှိ ကျောင်းဆောင်တစ်ခုမှာ တံခါးရွက်များ ပျက်စီးနေခြင်း၊ နံရံအင်္ဂတေများ ကွာကျနေသည်။ ကျောင်းဆောင်တစ်ခုမှာ အသစ်ဆောက် လုပ်နေဆဲဖြစ်သည်။ ၄င်းကျောင်းဆောင်သစ်ပြီးစီးပါကလည်း ကျောင်းသားဦးရေမှာ (၁၆၀) ခန့်ရှိသောကြောင့် ကျောင်းဆောင်လုံလောက်မှုမရှိပါ။ ထို့ကြောင့် **ကျောင်းဆောင် အသစ်ဆောက်လုပ်ရန်** လိုအပ်သည်။ လက်ရှိကျောင်းဆောင် ၂ ခုရှိပြီး အကျယ်အဝန်းမှာ ၅၄၀၀ စတုရန်းပေ ရှိသောကြောင့် စာသင် ကျောင်းဆောင် အကျယ်အဝန်းလုံလောက်မှုရှိသည်ကို တွေ့ရသော်လည်း ကျောင်းဆောင်တခုမှာ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်သည်။ ဆရာမ ဦးရေ အစိုးရခန့် ၇ ဦး (ကျား ၁ + မ ၆)ဦးနှင့် ကျေးရွာခန့် ၃ ဦးရှိသည်။ အစိုးရခန့် ဆရာ/ဆရာမ (၇) ဦးနှင့်ကျောင်းသား အရေအတွက် (၁၆၀) ရှိသဖြင့် ဝန်ထမ်း အင်အားအရ ဆရာလုံလောက်မှုရှိသည်ဟုဆိုင်နိုင်သော်လည်း လက်ရှိ ခန့်ထားသော ဆရာ/ ဆရာမများမှာ ပြင်ပမှခန့်ထားသော ဆရာ/ဆရာမများ ဖြစ်သောကြောင့် ကျေးရွာမှ ဝန်ထမ်းအိမ်ရာများ စီစဉ်ပေးရသည်။ဝန်ထမ်းအိမ်ရာလုံလောက်မှုမရှိသောကြောင့် အဝေးမှလာရောက် သင်ကြားရသော ဆရာ/ဆရာမများ မှာကျောင်းချိန်နောက်ကျခြင်း၊ ညနေတွင်စောပြန်ခြင်း၊ ကလေးငယ်များဘာသာစကားအခက်အခဲရှိခြင်း တို့ကြောင့် သင်ကြားရေးတွင် အရည်အချင်းမမီသောကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေမှာ နိမ့်ကျနေသည်ကို တွေ့ရသည်။ ကျေးရွာမှ ဆရာ (၃) ဦးအား ထပ်မံဖြည့်စွက် ၄ါး ရမ်းနေကြရသည်။

ဆရာငှါးရမ်းခမှာ ဆရာတစ်ဦးလျှင် တစ်လ (၈၀၀၀၀) ကျပ်နှုန်းဖြင့် တစ်လကို ၂၄၀၀၀၀ ကျပ်ကို ကျောင်းသားများထံမှ ကောက်ခံပေးနေကြရသည်။ ဆရာငှါးရမ်းခကို ကျောင်းသား တစ်ဦးလျှင် ၁၀၀၀၀ ကျပ် နှုန်းပေးကြရသည်။ အကယ်၍ တစ်အိမ်တည်းမှ ကျောင်းသာ ၃ ဦးရှိပါက ကျောင်းသား ၂ ဦးအတွက် ၂၀၀၀၀ ကျပ်ပေးရပြီး တစ်ဦးအတွက်ပလပ်ပေးသည်။ ထို့ကြောင့် ဆရာ/ ဆရာမဝန်ထမ်း အိမ်ရာလိုအပ်သည်။ **ဆရာ/ဆရာမများကို ဒေသခံတိုင်းရင်းသားများအား ဦးစားပေး ခန့်ထားပေး ရန်လိုအပ်သည်။** ကျောင်းအိမ်သာအခြေအ နေ မှာ လုံလောက်မှုရှိသည်။ ကျောင်းသုံးပရိ ဘောဂလည်းလုံလောက်မှုမရှိပါ။ ကျောင်းအပဟာရတိုက်ကျွေး မှုမရှိပါ။ ကျောင်းသောက်ရေသန့်အနေဖြင့် လုံလောက်မှုရှိသော်လည်း ရေအရည်အသွေး ညံ့သောကြောင့် ကျောင်းသောက်ရေရရှိရေးနှင့် ရေသန့်အတွက် ရေသန့်စက်တပ်ဆင်ရန် လိုအပ်နေပါသည်။ ကျောင်းခြံစည်းရိုးမှာလည်း သံဆူးကြိုးဖြင့် ကာရံထားသော်လည်း ယခုအခါ ပျက်စီးနေသောကြောင့် လုံခြုံမှု မရှိပါ။ ထို့ကြောင့် **ကျောင်းခြံစည်းရိုး ကာရံခြင်း**လည်း လိုအပ်ပါသည်။

**(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☐ မလုံလောက် ☒ |
| တပည့် – ဆရာ အချိုး | ၄၀: ၁ အောက် ☒ ၄၀: ၁ အထက် ☐ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☒ နည်း ☐ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☒ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☐ မလုံလောက် ☒ |
| **ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု** | မြင့် ☒ အသင့်အတင့် ☐ |
| **ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု** | မရှိ ☐ နည်း ☒ |
| **မိဘဆရာအသင်း၏အခန်းကဏ္ဍ** | ကောင်း ☐ သင့် ☒ ညံ့ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။ ။ အကြဲ(ဖရော) ကျေးရွာတွင်** တပည့်ဆရာအချိုးမှာ မူလတန်းကျောင်းအနေဖြင့် လုံလောက်မှုရှိနိုင်သော်လည်း မူလွန်ဖြစ်ပြီး အလယ်တန်းကျောင်းသားအချို့ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုမရှိပါ။ လက်ရှိခန့်ထားသော ဆရာ/ဆရာမများမှာ ပြင်ပမှ ခန့်ထားသော ဆရာ/ဆရာမများဖြစ်သောကြောင့် ကျေးရွာမှ ဝန်ထမ်းအိမ်ရာများ စီစဉ်ပေးရသည်။ လုံလောက်မှု မရှိသောကြောင့် အဝေးမှ လာရောက်သင်ကြားရသော ဆရာ/ဆရာမများမှာ ကျောင်းချိန်နောက်ကျခြင်း၊ ညနေတွင် စောပြန်ခြင်း၊ ကလေးငယ်များ ဘာသာစကားအခက်အခဲရှိခြင်းတို့ကြောင့် သင်ကြားရေးတွင် အရည်အချင်းမမီသောကြောင့် ကျေးရွာ၏ ပညာရေးအခြေအနေမှာ နိမ့်ကျနေသည်ကို တွေ့ရသည်။

ကျေးရွာမှ ဆရာ (၃) ဦးအား ထပ်မံဖြည့်စွက် ငှါးရမ်းနေကြရသည်။ ဆရာငှါးရမ်းခကို ကျောင်းသား တစ်ဦးလျှင် ၁၀၀၀၀ ကျပ်နှုန်းပေးကြရသည်။ အကယ်၍ တစ်အိမ်တည်းမှ ကျောင်းသာ ၃ ဦးရှိပါက ကျောင်းသား ၂ ဦးအတွက် ၂၀၀၀၀ ကျပ်ပေးရပြီး တစ်ဦးအတွက် ပလပ်ပေးသည်။ ထို့ကြောင့် ဆရာ/ ဆရာမ ဝန်ထမ်းအိမ်ရာလိုအပ်သည်။ **ဆရာ/ဆရာမများကို ဒေသခံတိုင်းရင်းသားများအား ဦးစားပေး ခန့်ထားပေးရန်လိုအပ်သည်။** မူလတန်းပညာကျောင်းထွက်နှုန်းမရှိ။ မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်မရှိပါ။ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာလုံလောက်မှုမရှိပါ။ ဆင်းရဲသောမိသားစု များ အတွက် ကျောင်းစရိတ်မတတ်နိုင်မှုမှာ မြင့်သည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်း လုံလောက်လက်လှမ်းမီမှုနည်းသည်။ ကျေးရွာတွင် မူကြိုကျောင်းလည်းရှိပြီး ကလေး ကွင်းမရှိသောကြောင့် မူကြိုကလေးငယ်များ၏ ကိုယ်ကာယကြံ့ခိုင်မှုနှင့် စိတ်ပျော်ရွှင်မှုအားနည်း သည်။ ထို့ကြောင့် မူကြိုကလေးကစားကွင်းလိုအပ်သည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာ ဆောင်ရွက်မှု သင့်ပါသည်။

### (၈) ကျန်းမာရေးနှင့် အာဟာရ

### (၈-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☒ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☒ | မရှိ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေး ဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ( ဖရော)ကျေးရွာတွင် အဖြစ်များသောရောဂါများအားလုံးမှာ ဖြစ်ပွါးမှု နိမ့်ဖြစ်သည်။ ရောဂါဖြစ်ပွါးမှု ဆိုးရွားစွာဖြစ်ပေါ်လေ့မရှိပါ။

### (၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | *ရှိ* | *မရှိ* |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | Â | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | Â | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | Â | |
| ၇ | အဟာရမှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | |
| ၈ | အာဟာရ ပညာပေးအစီအစဉ် | | Â |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရ ပညာပေးအစီအစဉ်မရှိသောကြောင့်အိမ်ထောင်ရှင်များ ကျန်းမာရေးနှင့် ညီညွတ်စွာ ချက်ပြုတ်၊ စားသောက်နိုင်မှုမရှိသောကြောင့် မိသားစုများကျန်းမာရေးအနည်းငယ်အားနည်းသည်။

### (၉-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☒<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☒<br>မော်ဖောင်းကျေးရွာသို့ (၈ မိုင်) သုံးဘီး/ဆိုင်ကယ် (၂၀၀၀) သွားကြရသည်။ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☒ | ရှိ ☐<br>မရှိ ☐<br>မော်ဖောင်းကျေးရွာသို့ (၈ မိုင်) သုံးဘီး/ဆိုင်ကယ် (၂၀၀၀) သွားကြရသည်။ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☒ | ရှိ ☒<br>မရှိ ☐<br>မြစ်ကြီးနားမြို့တွင်ရှိပြီး ၁၅ မိုင် ကျော်ဝေး သည်။ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင် ရှိသည် ☒<br><br>ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☒ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ **အကြဲ (ဖရော)** ကျေးရွာတွင် ကျေးလက်ဆေးခန်း မရှိပါ။ မော်ဖောင်းကျေးရွာဆေးခန်းနှင့်တိုက်နယ်ဆေးရုံသို့ သွားလာကြရပြီး ၈ မိုင်ဝေးသည်။ မြို့နယ် ဆေးရုံမှာ မြစ်ကြီးနားမြို့တွင်သာရှိပြီး မိုင် (၁၅) ကျော်ဝေးသည်။ သုံးဘီးကား၊ ဆိုင်ကယ်ဖြင့် သွားလာကြရသည်။ မော်ဖေါင်းနှင့် မြစ်ကြီးနားသို့သွားပါက လူတစ်ယောက် ၂၀၀၀ ကျပ်၊ စင်းလုံးငှါး ၁၅၀၀၀ ကျပ်။ အချိန်မတော် အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် ကျွမ်းကျင်သူရှိသော်လည်း ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါးများမရှိ။ ဆေးရုံနှင့်ဝေးသောကြောင့်ကျေးရွာတွင် အရေးပေါ်မီခင်များအတွက်ဆေးရုံသို့သွား လာသည့် အခါ ကား/ယာဉ် အချိန်မီငှါးရမ်းမရခြင်း၊ လမ်းကြမ်းခြင်းတို့ကြောင့် ဆေးရုံသို့ အချိန်မီမရောက်နိုင်သဖြင့် လမ်းခရီးတွင်အသက်ဆုံးရှုံးမှုများမကြာခဏကြုံရသည်။ထို့ကြောင့်အရေးပေါ် လူနာတင်ယာဉ်လိုအပ်သည်။ လက်ရှိအရံသားဖွါးဆရာမမှာလည်း အသက်ကြီးနေပြီဖြစ်သဖြင့် လူငယ် များကို သင်တန်းပေးရန်လိုအပ်နေပြီဖြစ်သည်။ ထို့ကြောင့် အရံသားဖွားသင်တန်း လိုအပ်သည်။

## (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၁ | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☒<br>မိုး ☒<br>ဆောင်း ☒ |
| အဝီစိတွင်း/ စက်တပ် ( ) | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် | | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☒ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | | ရှိ☐ မရှိ☒ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | ၁၃၀ | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☒<br>မိုး ☒ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက “ရှိ”၊ မရှိပါက “မရှိ” ) | ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် “ရှိ” ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ “မရှိ” ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| | | | | ဆောင်း ☒ |

**ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ အကြဲ(ဖရော)**ကျေးရွာတွင် ရေတွင်း ၁ တွင်းသာရှိသော်လည်း စတူးပြီး ကတည်းက လုံးဝမသုံးကြပါ။ တစ်ရွာလုံးယူအင်န်ဒီပီမှကူညီပံ့ပိုးပေးသော စိမ့်စမ်းရေကို အသုံးပြုနေကြသော်လည်း ယခုအခါ ရေလှောင်ကန်သေးငယ်သောကြောင့် ရေလုံလောက်မှုမရှိတော့ပါ။ ထို့ကြောင့် ရွာမှ တစ်မိုင်ကျော်သာဝေးသော ခရီတူခတောင်မှသောက်ရေအတွက် စိမ့်စမ်းရေသွယ် ယူခြင်း/ ပြုပြင်ခြင်းလိုအပ်သည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ** (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၀၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၂ |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ (ဖရော) ကျေးရွာတွင် (၁၆၀) အိမ်ရှိသည့်အနက် သန့်ရှင်းသော ယင်လုံ အိမ်သာသုံးစွဲမှုအနေဖြင့် ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ ၂၀၄ အိမ်နှင့် မသန့်ရှင်းသော

ယင်လုံအိမ် သာသုံးစွဲမှုတွင် တွင်း/ဇလားအိမ်သာသုံးစွဲသူ ၂ အိမ်ရှိသည်။ ကျေးရွာတွင် အိမ်သာရှိပြီး အသုံးပြု နေကြသော်လည်း စနစ်တကျ သုံးစွဲခြင်းမရှိကြ သေးပါ။ အိမ်သာအရေအတွက်သည် ကျေးရွာ အိမ်ထောင်စုအ ရေအတွက်ထက်ပိုများနေ ရခြင်းမှာ ဘာသာရေးပိုင် အဆောက်အဦးနှင့် အိမ်သာများ ကိုပါ ထည့် သွင်း ကောက်ယူထားခြင်းကြောင့် ဖြစ်သည်။

ဇယား (၃၉) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☒ | မရှိ ☒ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☒ | မရှိ ☒ |
| ၃ | **လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ** | ရှိ ☒ | မရှိ ☐ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ ☐ | မရှိ ☒ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ကို ရွေးချယ်တင်မြောက်ခြင်း၊ နေရာပေးခန့်ထားခြင်းမရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွ စွာ ပါဝင်ဆောင်ရွက်မှုရှိသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများမရှိသော်လည်း အကြဲနှင့် ဖရော ကျေးရွာ အကြား ၃ မိုင်ခန့်မှာ တောအုပ်များ ဖြစ်နေခြင်းနှင့် မူးယစ် ဆေးသုံးစွဲသူများရှိသဖြင့် အမျိုးသမီးများ သာမက အမျိုးသားများကိုပါ အကြမ်းဖက်မှုအန္တရာယ် ရှိသဖြင့် သတိထားသွားလာနေကြရသည်။ အိမ်တွင်း အကြမ်းဖက်မှုလည်း (အရက်မူးလာပါက ဇနီးနှင့် သားသမီး များကို ရိုက် နှက်ခြင်း၊ ဆဲဆိုခြင်း၊ အနိုင်ကျင့်ခြင်းများလည်း အနည်းငယ်ရှိသည်။ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် စီမံအုပ်ချုပ်မှုအပိုင်း များတွင်သာ ပါဝင်မှုနည်းခြင်းကြောင့် **အမျိုးသမီးများစွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်းများ၊ အမြင့်ဖွင့်သင်ကြားခြင်းများလိုအပ်သည်။** အနာဂါတ်အတွက် အမျိုးသမီး အိမ်တွင်းအကြမ်းဖက်မှုများ မဖြစ်ပေါ်စေရန်**အိမ်တွင်းအကြမ်းဖက်မှုကာကွယ်လျှော့ချရေး သင်တန်းများ လည်း** လိုအပ်ပါသည်။

## (၄) အခြေခံ အဆောက်အဦများ အခြေအနေ

### (၄-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐ ၂☒<br>၃☐ ၄☐ ၅☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ်☐<br>၅နှစ်အထက်☒ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☒ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ်အထက်☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☒ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ်☐<br>၅နှစ်အထက် ☒ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☒ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာ၏ ရွာတွင်းလမ်းများမှာ ကျောက်ကြမ်းလမ်းများဖြစ်သဖြင့် သွားလာရခက်ခဲသည်။ ထို့ကြောင့် ရွာတွင်းလမ်းများ ပြုပြင်ရန်လိုအပ်သည်။ ရွာချင်းဆက်လမ်း/ ခရိုင်ချင်းဆက်လမ်းမှာလည်း ကတ္တရာလမ်းဖြစ်သော်လည်း ယခုခါ ပျက်စီး နေပြီဖြစ်သောကြောင့် ပြုပြင်ရန်လိုအပ်သည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာ လမ်းဖြစ်ပြီး သက်တမ်းမှာ ၅ နှစ်အထက်ရှိသဖြင့် အရည်အသွေးမှာ ညံ့ဖြစ်သည်။ တနှစ်ပါတ်လုံး အသုံးပြုနိုင်ကြပြီး လမ်း မှာ ၁၀ မိုင်အထက်ရှည်သည်။ ကုန်ထုတ်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် ရွှံ့ဗွက်များ ဖြစ်သောကြောင့်လယ်ယာထွက်ကုန်များ သယ်ယူရန်များစွာအခက်အခဲရှိသည်။ ထို့ကြောင့် ကုန်ထုတ်လမ်းလည်း ပြုပြင်ရန် လိုအပ်သည်။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၁၂'၊ ၁၄'၊၁၀' | ကောင်း ☒<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☒<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| သစ်သား တံတား | ၅၀'၊ ၁၅'၊ ၁၀'<br>၆၇'၊ ၁၃'၊ ၁၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☒ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☒ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☒ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☒ | မိုးရာသီလယ်ကွင်းသို့ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် ကွန်ဂရစ်တံတားမှာ အလျား ၁၄ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၀ ပေရှိပြီးအရည်အသွေးကောင်းမွန်သေးသည်။ သစ်သားတံတား ၂ စင်းမှာ (အလျား၅၀

ပေ၊ အနံ ၁၅ပေ၊အမြင့် ၁၀ ပေ၊နှင့် (အလျား ၆၇ ပေ၊ အနံ ၁၃ ပေ၊အမြင့် ၁၀ ပေ)  ရှိပြီး ယခုအခါ ပျက်စီးနေသောကြောင့် ကွန်ဂရစ်တံတားအသစ်ဆောက်လုပ်ရန် လိုအပ်သည်။

## (၄-၃)  ရေကြောင်း သယ်ယူပို့ဆောင်ရေး

**ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး** (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☒ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☒ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐<br>မိုးရာသီ ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ အကြဲ(ဖရော) ကျေးရွာတွင် ယခင်က မြစ်ကြီးနားနှင့် ဗန်းမော်မြို့များသို့ ရေကြောင်းဖြင့် သွားလာမှုရှိသော်လည်း ယခုအခါ ကုန်းလမ်းခရီးများဖြင့်သာ သွားလာနေကြသဖြင့် ရေကြောင်းသွားလာမှု မရှိတော့ပါ။

## (၄-၄)  သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၆ | | ၃ | ၇၀ | ၃ | ၁ | ၃ | | ၂၂ |

**ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ၊သမ္ဗာန် ၄ စီး၊ (ဇယား ၄၂ တွင် ရေကြောင်းသွားလာမှုမရှိသော်လည်း ယခု ဇယား ၄၃ တွင် လှေ/သမ္ဗာန် ၄ စင်း ရှိနေရခြင်းမှာ ယခင်က အသုံးပြုခဲ့သော ယဉ်များဖြစ်သည်။) စက်ဘီး ၃ စင်း၊ မော်တော်ဆိုင်ကယ် ၇၀ စီး၊ သုံးဘီး ဆိုင် ကယ် ၃ စီး၊ ထော်လာဂျီ ၁ စီး၊ ကား ၃ စီးရှိသည်။ သယ်ယူပို့ဆောင်ရာတွင် အဓိကအားဖြင့် စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားကို အများဆုံးအသုံး ပြုကြပြီး သွားလာကြသည်။ သွားလာရာတွင် သုံးဘီးဆိုင်ကယ်တစ်မျိုးတည်းကိုသာ စင်းလုံးငှါးသွားလာနေကြရပြီး လုံလောက်မှုလည်းမရှိသောကြောင့် အချိန်မရွေးအရေးပေါ်သွားလာရန် လိုအပ်ပါက အခက်အခဲရှိသည်။ ထို့ကြောင့် **အများပြည် သူသုံး ဘတ်စ် ကားလိုင်းပြေး ဆွဲပေးပါရန်** တင်ပြအပ်ပါသည်။

## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| **မဟာဓာတ်အားလိုင်း** | ၃၀ | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☒ | ရှိ ☐ မရှိ☐ |
| ဆိုလာစနစ် | ၁၃၀ | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐ | ရှိ ☒ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| လေစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | | ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော အခြား** | | ☒ | ☒ |

**ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော)ကျေးရွာတွင် အိမ်ခြေ (၁၆၀) ရှိပြီး မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ (၃၀) အိမ်သာရှိသည်။ ကျေးရွာသို့ မဟာဓါတ်အားလိုင်း သွယ်တန်းရောက်ရှိပြီးဖြစ်သော်လည်း မီတာဘောက် တပ်ဆင်ပေးခြင်းမရှိသေးသောကြောင့် တစ်ရွာလုံး ကျန်အိမ်ထောင်များမှာ ဆိုလာကိုသာ အသုံးပြုကြသည်။ ထို့ကြောင့် မီတာဘောက်များအမြန်ဆုံးတပ်ဆင်ပေးရန် လိုအပ်သည်။

လျှပ်စစ်မီးသုံးစွဲမှုတွင် ပြုပြင်ထိန်းသိမ်းရေးစနစ်နှင့် အခက်အခဲတို့ကို ဖြေဆိုခြင်းမရှိပါ။ ဆိုလာမီးအနေဖြင့် ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ ဆိုလာကို စာကြည့်မီးအတွက်သာ အသုံးပြုနိုင်ပြီး အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းများအတွက် အသုံးပြုနိုင်ခြင်းမရှိပါ။ ဆိုလာမီးသုံးစွဲ ရာတွင် ဘက္ထရီကိုလည်း ၂ နှစ် တစ်ကြိမ် အသစ်လဲပေးရသဖြင့် အခက်အခဲရှိသည်။

**(ဍ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၄၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၁၃၂ | ၇၉ | ၂၃ | ၆<br>(ပီအက်စ်အိုင်/စကိုင်းနက်) |

**ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**လေ့လာတွေ့ရှိချက်။ ။ အကြဲ(ဖရော)** ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၁၃၂လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော၊ မိုင်တဲဖုန်းများကို အများဆုံးအသုံးပြုကြသည်။ တယ်လီဖုန်းကို အိမ်တိုင်းလိုလို အသုံး ပြုနိုင်ကြပြီး အင်တာနက်လိုင်းအသုံးပြုကြသော်လည်း ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာကဲ့သို့ လူမှုကွန်ယက်များကိုသာအသုံးပြုကြသည်။ အရေးကြီးသည့်သတင်း၊နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလေ့လာစရာများကို အကျိုးရှိစွာအသုံးပြုနိုင်ခြင်းမရှိကြသေးပါ။ တယ်လီဖုန်းအသုံးပြုရာတွင်လည်း ဖုန်းဘေလ်မှာအသုံးပြုသည်ထက်ငွေဖြတ်တောက်မှုများခံစားနေကြရသော်လည်းအရေးယူဆောင်ရွက်မှုမရှိဘဲ ပြည်သူများ နစ်နာမှုများရှိသဖြင့် **သက်ဆိုင်ရာမှ စီစစ်အရေးယူပေးရန်** တင်ပြအပ်ပါသည်။

ရေဒီယို အသုံးပြုသူရှိပြီး ၇၉ လုံးသာရှိသဖြင့် သုံးစွဲသူအသင့်အတင့်များသည်။ သို့သော် ရေဒီယိုကို မြန်မာဘာသာဖြင့်သာ ထုတ်လွှင့်ပေးသောကြောင့် ဘာသာစကားအခက်အခဲရှိခြင်း၊ သတင်းများ အချိန်မီမထုတ်လွှင့်နိုင်ခြင်းနှင့် သတင်းများအပေါ်ဒေသခံတိုင်းရင်းသားများအနေဖြင့် အဖြစ်မှန်နှင့် ကွဲလွဲမှုများရှိသဖြင့်လက်ရှိသတင်းထုတ်လွှင့်မှုများကိုယုံကြည်မှုနည်းကြသည်။ထို့ကြောင့် **တိုင်းရင်းသား ရေဒီယို အသံလွှင့်ဌာနများ ထူထောင်ရန်** တင်ပြအပ် ပါသည်။

တီဗီ ၂၃ လုံးနှင့် ဂြိုလ်တုစလောင်း ၆ လုံး (PSI နှင့်စကိုင်းနက်) လိုင်းများ အသုံးပြုကြ သော်လည်း ဖျော်ဖြေမှု၊ ပညာပေးမှု၊ သတင်းပေးပြန်ကြားမှုအားနည်းပြီး ကြော်ငြာများသာ အများ ဆုံးထုတ်လွှင့် ပေးနေသောကြောင့် ကြည့်ရှုသူများ အချိန်များစွာပေးရပြီး အကျိုးရှိမှုနည်းသည်။ ၄င်းအပြင် လူအများ စိတ်ဝင်စားသော အားကစား ဗိုလ်လုပွဲများ၊ ကမ္ဘာ့ဖလားပွဲများနှင့် လက်ဝှေ့ပွဲများကို စကိုင်းနက်မှ လက်ဝါးကြီးအုပ် ထုတ်လွှင့်ပေးနေခြင်းနှင့် ညအချိန်မရှိ အားကစားပွဲများအား လူအများမှာ ရုပ်မြင်သံကြားရှိသော်လည်း ကြည့်ရှုနိုင်ခြင်းမရှိကြပါ။ ထို့ကြောင့် ၄င်းပွဲများကို **အများပြည် သူသုံး ရုပ်မြင် သံကြားလိုင်းများမှ အခမဲ့ ထုတ်လွှင့်ပေးပါရန်** တင်ပြအပ်ပါသည်။

**(ဎ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး**

**ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲများ ရှိခြင်း | ရှိ ☒ မရှိ☐ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☒ ညံ့☐ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☐ ညံ့☒ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☒ များ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် လူငယ်များအနားယူအပန်းဖြေရန် သီးသန့်နေရာ မရှိသော်လည်း လူငယ်အများစုမှာ တီဗီ (ရာသီပွဲနှင့် ရုပ်မြင်သံကြားကြည့်ခြင်း၊ အက်ဖ်အမ်ရေဒီယိုနားထောင်ခြင်း၊ သီချင်းနားထောင်ခြင်းဖြင့် အပန်းဖြေလေ့ရှိကြသည်။ တီဗီရုပ်မြင်သံကြားကြည့်ရှုသည့်အခါ အများပြည်သူကြည့်ရှုနိုင်သော ရုပ်သံအစီအစဉ်များမှာ ကြော်ညာများသာ ထုတ်လွှင့်နေပြီး ပညာပေးအစီအစဉ်၊ ဖျော်ဖြေမှုအစီအစဉ်အရမ်းနည်းပြီးအချိန်အရမ်းကုန်သည်။ ကျေးရွာတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းများ မရှိသောကြောင့် လူငယ်များ အားကစားတိုးတက်မှု အသင့်အတင့်သာရှိသည်။ လူငယ်များ အလွန်စိတ်ဝင်စားသော ဘောလုံး ဗိုလ်လုပွဲ၊ လက်ဝှေ့ပွဲ၊ ကမ္ဘာ ဖလားဘော်လုံးပွဲများမှာ ညအချိန်မတော် ကစားပွဲဖြစ်လေ့ရှိပြီး ၄င်းပွဲများကို စကိုင်းနက်မှသာ ထုတ်လွှင့်ပေးသောကြောင့် လူငယ်များကြည့်ရှုရန် များစွာအခက်အခဲရှိသည်။ လူငယ်များ မဖြစ်မနေကြည့်ရှုလိုပါက ဘီယာဆိုင်၊ လဘက်ရည်ဆိုင်များသို့ ညအချိန်မတော် သွားရောက် ကြည့်ရှုကြရသဖြင့် မလိုလားအပ်သော အရက်ဘီယာသောက်သုံးခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ယဉ်တိုက်မှု ဖြစ်ခြင်းများ မကြာခဏကြုံရသည်။ ငွေကြေးကုန်ကျမှုများလည်းရှိသည်။ ထို့ကြောင့် လူငယ်များစိတ်ဝင်စားသော **အားကစားပွဲများကို အများပြည်သူကြည့်ရှုသည့် ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပေးရန်** တင်ပြကြသည်။

လူငယ်များလူမှုရေးဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မဖြစ်မနေတက်ကြွစွာ ပါဝင်လေ့ရှိသည်။

လူငယ်များအားကစားကွင်းရှိသော်လည်း **အားကစားပစ္စည်း**မရှိသောကြောင့် လူငယ်များ အားကစားတိုးတက်မှုအသင့်အတင့်သာရှိသည်။ နှစ်စဉ်ပြေးခုန်ပစ်ပြိုင်ပွဲများလည်း ကျင်းပပေးရန်

လိုအပ်သည်။ လူငယ်များ လုံခြုံရေးအတွက် ကိုယ်ခံပညာကို သင်ယူနေကြသော်လည်း ယခုအခါ သင်တန်းဆရာမှ လာရောက်သင်ကြားပေးခြင်းမရှိတော့ပါ။ လူငယ်များမှစိတ်ဝင်စားသော်လည်း သင်ပေးမည့်ဆရာမရှိပါ။ ထို့ကြောင့် **ကိုယ်ခံပညာသင်တန်းလိုအပ်သည်။**

ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသူ များပြားနေသဖြင့် လူငယ်များလုံခြုံမှု အားနည်းသည်။ လက်ရှိကျေးရွာတွင် မူးယစ်ဆေးကာကွယ်တားဆီးမှု၊ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေသော်လည်း တရားမဝင်ဆောင်ရွက်ရသောကြောင့် အန္တရာယ်များသည်။ ထိရောက်မှုလည်းမရှိပါ။ **ထို့ကြောင့် လူထုအခြေပြု မူးယစ်ဆေး ကာကွယ်တားဆီးရေးအဖွဲ့ကို တရားဝင်ဖွဲ့စည်းခွင့်ပေးရန်လိုအပ်သည်။**

လက်ရှိကျေးရွာတွင် စုဆောင်းရေးရှိသောကြောင့် ရွာတွင် လူငယ်များနည်းသည်။ **ထို့ကြောင့် ငြိမ်းချမ်းရေးလိုအပ်သည်။**

၄င်းအပြင်လူငယ်များ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမှုလည်း အားနည်းသည်။ တိုင်းရင်းသားစာပေနှင့် စကားအားနည်းလာနေသောကြောင့် **တိုင်းရင်းသာစာပေကို ကျောင်းစာသင်ရိုးညွှန်တမ်းတွင် ထည့် သွင်းသင်ကြားပေးရန်**လိုအပ်သည်။

ကျေးရွာတွင် စာကြည့်တိုက်မရှိ။ စာအုပ်မရှိသောကြောင့် လူငယ်များ လေ့လာသင်ယူမှုနှင့် စာဖတ်နည်းသည်။ ဖုန်းအင်တာနက် အသုံးပြုကြသော်လည်း အကျိုးရှိရှိ အသုံးမပြုနိုင်ကြဘဲ ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာများသာ အသုံးပြုနေကြပြီး လေ့လာသင်ယူမှု အားနည်းသည်။ ထို့ကြောင့် စာပေဟောပြောပွဲပြုလုပ်ပေးရန်နှင့် လျှပ်စစ်မီးလည်းရရှိထားပြီး၊ ဖုန်းလိုင်းလည်းရရှိထားပြီး ဖြစ်သောကြောင့် **ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း၊ အင်တာနက်အကျိုးရှိရှိ အသုံးပြုနည်း သင်တန်း**လိုအပ်သည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| **တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း** | ရှိ ☒ မရှိ ☐ မဖြေဆိုပါ ☐ |
| **အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း** | ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐ |
| **လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်** | ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐ |
| **မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း** | ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။** ။ အကြဲ(ဖရော) ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် အမ်ပီတီ၊ တယ်လီနော၊ မိုင်တဲလိုင်းများအသုံးပြုနိုင်ပြီး ဆက်သွယ်ရေး လိုင်းအားအသင့်အတင့်ကောင်းသည်။ ဆက်သွယ်ရေး အ ဆောက်အဦး လုံလောက်မှုရှိသည်။

အာမခံလုပ်ငန်းနှင့် ပါတ်သက်၍ ဗဟုသုတနည်းပါးပြီး စိတ်ဝင်စားမှုလည်း မရှိကြပါ။ အာမခံလုပ်ငန်းနှင့် ပါတ်သက်၍ အသိပညာပေးဟောပြောပေးသင့်သည်။ နိုင်ငံခြားဝန်ဆောင်မှု ကောင်းသော အာမခံလုပ်ငန်းများ အလိုရှိသည်။ လက်ရှိအစိုးရ အာမခံလုပ်ငန်းများ (မီးအာမခံ၊ ယာဉ်အာမခံ၊ အသက်အာမခံ စသည်လုပ်ငန်းများ) ကိုပြည်သူလူထုအနေဖြင့် ယုံကြည်မှုမရှိပါ။

လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ မရှိသေးပါ။ ဗဟုသုတလည်း မရှိသေးပါ။ မီးအန္တရာယ်မှာ အချိန်မရွေး၊ ရာသီမရွေးကျရောက်နိုင်သောကြောင့် ကျေးရွာအုပ်စုအတွက် ကျေးရွာအုပ်စု သန္ဓေမီးသတ်တပ်ဖွဲ့နှင့် မီးသတ်ကားထူထောင်ပေးရန်နှင့် ဖရောကျေးရွာအတွက် မီးသတ်ရေကန်နှင့် လက်ဆွဲမီးသတ်စက် လိုအပ်သည်။

မှုခင်းများ ကာကွယ်တားဆီးလျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးသော်လည်း လုံလောက်မှုမရှိပါ။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဓိကတာဝန်ယူဆောင်ရွက်နေရသည်။ လူထုမှဦးဆောင်၍ မူးယစ်ဆေးကာကွယ်တားဆီးမှုများ ပြုနေသော်လည်း တရားဝင်လုပ်ကိုင်ရခြင်းမဟုတ်သောကြောင့် ထိရောက်မှုမရှိဘဲ တားဆီးကာကွယ်ရေးဆောင်ရွက်သူများအတွက် အန္တရာယ်များသည်။

**(၁၈–၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | **လူကုန်ကူးမှု** | **ခိုးမှု** | **မူးယစ်ဆေးသုံးစွဲမှု** | **အကြမ်းဖက်မှု** |
|---|---|---|---|---|
| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | **စိုးရိမ်ရသည်** ☐<br>**သာမန်** ☐<br>**မရှိ** ☒ | **စိုးရိမ်ရသည်** ☐<br>**သာမန်** ☒<br>**မရှိ** ☐ | **စိုးရိမ်ရသည်** ☒<br>**သာမန်** ☐<br>**မရှိ** ☐ | **စိုးရိမ်ရသည်** ☒<br>**သာမန်** ☐<br>**မရှိ** ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ **အကြဲ(ဖရော)** ကျေးရွာတွင် မှုခင်းဖြစ်ပွားမှု အခြေအနေများမှာ လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုမရှိပါ။ ခိုးမှုမှာ မကြာခဏရှိနေပြီး သာမန်အဆင့်ဖြစ်သည်။ မူးယစ်ဆေးသုံးစွဲသူများလာပြီး မူးယစ်ဆေးသုံးစွဲမှုမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည်။ ရွာတွင်အကြမ်းဖက်ခံရမှုမှာလည်း (အကြဲနှင့် ရွာကြား ၃ မိုင်ဝေးပြီး တောထူသည်။ မူးယစ်ဆေးသုံးစွဲသူလည်း များလာသောကြောင့် အမျိုးသမီးများသာမက အမျိုးသားများပါ လုံခြုံရေးစိုးရိမ်ရသည်။) ထို့ကြောင့် စိုးရိမ်ရအခြေအနေတွင်ရှိသည်။ လူထုမှဦးဆောင်၍ မူးယစ်ဆေးကာကွယ် တားဆီးမှုများပြုနေသော်လည်း

တရားဝင်လုပ်ကိုင်ရခြင်းမဟုတ်သောကြောင့် ထိရောက်မှုမရှိဘဲ တားဆီးကာကွယ်ရေး ဆောင်ရွက်သူများအတွက် အန္တရာယ်များသည်။ မူးယစ် ဆေးကာကွယ်တားဆီးမှုကို လူထုကို အခြေခံ သောအဖွဲ့ တရား ဝင်ဖွဲ့စည်းခွင့်ပြုရန် တင်ပြအပ်ပါသည်။ မူးယစ်ဆေးသုံးစွဲမှုအပါအဝင် မှုခင်းဖြစ်ပွါးမှု အခြေအနေ ကောင်းမွန်စေရန် ငြိမ်းချမ်းရေး အထူးလို အပ်သည်။

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား (ဖရောကျေးရွာ၊ အကြဲကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်)

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်း ရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အ ထောက်အကူဖြစ်စေမည့် ပိုင် ဆိုင်နေသည့် အရင်းအနှီးများ/ အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်း လမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်း |
|---|---|---|---|---|---|
| **၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု** | | | | | |
| ကျေးရွာရှိအဖွဲ့အ စည်းများ စွမ်း ဆောင်ရည် အား နည်းသည်။ | ခေါင်းဆောင်တစ်ဦး တည်းကသာ ဆုံးဖြတ် ချက်ချမှတ်ပြီး ကျန် ရွာသူ/သားများက လိုက် လုပ်နေရခြင်း။ အဖွဲ့အစည်း ဆိုင်ရာ အ ခြေခံသဘောတ ရားနှင့် ဆိုင်သော ဗဟုသုတ အားနည်းခြင်း | ကျေးရွာတွင်ကျေးရွာ၏ဖွံ့ ဖြိုး ရေးကို သီးခြားစီ တာ ဝန် ခွဲ လုပ် ကိုင်နေကြ သောအဖွဲ့အစည်းများ စွာ ရှိသည်။ | လူတိုင်းမွေးရာပါလူ့စွမ်းရ ည်ရှိ ကြောင်း သတိမပြုမိ ကြ ခြင်း။လူ့စွမ်းရည်မြင့် စေသည့် အခွင့် အလမ်း များမရှိခြင်း။ | ကျေးရွာအဖွဲ့အစည်းများစွ မ်းရည် မြှင့်တင်ပြီး စုပေါင်း ဆုံးဖြတ်ချက် ချမှတ်မှု၊ သတင်းအချက်အလက် ဖြန့်ဝေမှု၊ ပေါင်းစပ် ညှိနှိုင်း မှုစနစ် များ ပိုမိုကောင်းမွန် အောင် ဆောင် ရွက်ခြင်း။ | **အဖွဲ့အစည်း ဆိုင်ရာ စီမံ ခန့်ခွဲမှု ဖွံ့ ဖြိုးရေးသင်တန်းများ**<br>၁။ အဖွဲ့အစည်းဆိုင်ရာ စီမံ ခန့်ခွဲမှုသင်တန်း<br>၂။ လေ့လာရေးခရီး |
| **၂။ ကဏ္ဍ – ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| မူကြိုကျောင်းရှိ သော်လည်း က လေးငယ် များ ကိုယ်/စိတ် ကျန်း မာ၊ ကြံ့ခိုင်၊ ပျော် | ကလေးကစားကွင်းနှင့် ကစားပစ္စည်းမရှိ။ | ကလေးကစားပစ္စည်းဒေ သအတွင်း အလွယ်တကူ ဝယ်ယူရရှိနိုင် သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ပညာရေးဌာန/နိုင်ငံတကာ ပညာ ရေးဖွံ့ဖြိုးရေး အဖွဲ့ အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | မူကြိုကျောင်း ကလေး ကစားကွင်း တည် ထောင် ခြင်း။ |

| | | | | | |
|---|---|---|---|---|---|
| ရှင် မှု အစီအစဉ် အားနည်း သည်။ | | | | | |
| ဝန်ထမ်းအိမ်ရာ လုံလောက်မှုမရှိ။ | ပြင်ပမှ တာဝန်ကျ ဆရာ / ဆရာမ ၈ ဦးရှိသော် လည်း ဝန်ထမ်းအိမ်ရာ ၂ ခုသာ ရှိ သောကြောင့် ဆရာ/ဆရာမ ၃ ဦးသာ ဝန်ထမ်းအိမ်ရာစီစဉ် ပေးနိုင်သည်။ | ဝန်ထမ်းအိမ်ရာဆောက် လုပ်ရန် သစ်၊ဝါး၊ သဲ၊ ကျောက် ဆောက်လုပ်ရေး ပစ္စည်း များ ရှိသည်။ ဒေသတွင်း ကျွမ်းကျင် သော ပန်း ရံ၊ လက်သမား ရှိသည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ပညာရေးဌာန/နိုင်ငံတကာ ပညာ ရေးဖွံ့ဖြိုးရေးအဖွဲ့ အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ဆရာ/ဆရာမဝန်ထမ်း အိမ်ရာဆောက်လုပ် ခြင်း |
| ကျောင်းသုံးပရိ ဘောဂလုံလော က် မှုမရှိ။ | ကျောင်းသားအရေအတွ က် တိုးလာခြင်းနှင့် ပရိ ဘောဂအ ချို့ပျောင်း နွမ်း ပျက်စီး ခြင်း။ မိဘဆရာအသင်း ပညာရေး ရံပုံငွေနည်း သည်/မရှိ။ | ဆောက်လုပ်ရေးပစ္စည်း များဒေ သအတွင်းအလွယ် တကူဝယ် ယူရရှိနိုင်သည်။ ကျွမ်းကျင်သော လက်သမားရှိသည်။ | မိဘဆရာအသင်း ပညာ ရေး ရံပုံငွေ နည်း / မရှိ။ | မိဘဆရာအသင်းမှကျေးရွာ အတွင်း အလှူငွေကောက်ခံ ခြင်း။<br>ပညာရေးဌာနသို့အခက်အခဲ များ တင်ပြခြင်း။<br>အခြားဒေသတွင်းရှိပညာ ရေးဖွံ့ ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် အကူအညီ တောင်းခံခြင်း | ကျောင်းသုံးပရိဘောဂ |
| ကျောင်းသားများ အား ကစား တိုး တက်မှုအား နည်း သည်။ | ကျောင်းအားကစားကွင် း ရှိ သော်လည်း အားကစားပစ္စည်း မရှိ။ | အားကစား ပစ္စည်းများ ဒေသအ တွင်း ဝယ်ယူရရှိ နိုင်သည်။ | ငွေကြေးအရင်းအနှီး၊ ပညာရေး ရံပုံငွေမရှိ။ | ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>အလှူရှင်အဖွဲ့အစည်းများ နှင့်ချိတ်ဆက်ခြင်းဆောင်ရွ က်ခြင်း | ကျောင်းအားကစား ပစ္စည်း |

| | | | | | |
|---|---|---|---|---|---|
| သောက်ရေအရည်အသွေးညံ့/လုံလောက်မှုမရှိ။ | လက်ရှိကျောင်းသောက်ရေမှာ ထုံးခါတ်များ သည်။ (သို့) ရေလုံလောက်မှုမရှိ။ | ကျောင်းအစီစီတွင်းတူးဖေါ်ထား ပြီးဖြစ်သည်။<br>ရေသန့်စက်ဒေသအတွင်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး တပ်ဆင်နိုင်သည်။ | ငွေကြေးအရင်းအနှီး၊ ပညာရေး ရံပုံငွေမရှိ။ | ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>အလှူရှင်အဖွဲ့အစည်းများ နှင့်ချိတ်ဆက်ခြင်းဆောင်ရွက်ခြင်း | ကျောင်းသောက်ရေသန့် ရရှိရေး ရေသန့်စက်တပ် ဆင်ခြင်း |
| စာသင်ကျောင်းလုံခြုံမှုမရှိပါ။ | စာသင်ကျောင်းခြံစည်းရိုး ဟောင်းနွမ်းပျက်စီးနေသည်။ | ဆောက်လုပ်ရေးပစ္စည်းများ ဒေ သအတွင်း အလုံအလောက် ဝယ် ယူရရှိနိုင်သည်။ ကျေးရွာမှလုပ်အားထည့်ဝင်နိုင်သည်။ | ငွေကြေးအရင်းအနှီး၊ ပညာရေး ရံပုံငွေမရှိ။ | ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ကျောင်းခြံစည်းရိုးကာရံ ခြင်း |
| ပညာထူးချွန်သောဆင်းရဲသားကလေး ငယ်များ ပညာဆက် လက်သင်ကြားနိုင်ခြင်းမရှိ။ | မိဘများဆင်းရဲသော ကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။ | အချို့ဆင်းရဲသားကလေးငယ်များ ပညာထူးချွန်ကြသည်။ | မိဘများဆင်းရဲသော ကြောင့်ကျောင်းဆက်မထား နိုင်ကြပါ။ | ပညာရေးအဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းမိဘဆရာအသင်းမှ ဦးဆောင်၍ပညာရေးရံပုံငွေထူထောင်ခြင်း | ဆင်းရဲသားပညာရေးရံပုံ ငွေထူထောင်ခြင်း |
| **၃။ ကဏ္ဍ– ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| ကျေးရွာတွင် ကျွမ်း ကျင်သော အရံသားဖွါး ရှိ သော်လည်း မိခင်များအတွက် ဝန် ဆောင်မှုလုံလောက် စွာ မရနိုင်။ | ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါးလုံလောက်မှုမရှိ ။ | ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါးများကို ဒေသအတွင်းဝယ်ယူရရှိနိုင်သည်။<br>အရံသားဖွါးမှကျွမ်းကျင်စွာ အသုံးပြုနိုင်သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | မွေးမိခင်များထံမှ ကောက်ခံခြင်းနှင့် ကျန်းမာရေးဖွံ့ဖြိုးရေးအဖွဲ့ /ဌာန သို့ တင်ပြခြင်း | ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါး |

| | | | | | |
|---|---|---|---|---|---|
| ရွာသူ/သားများ ကျန်းမာရေးအား နည်းသည်။ | လေ့ကျင့်ခန်းပြုလုပ်သည့် အလေ့အကျင့်မရှိ။ ကျန်းမာ ရေးလေ့ကျင့် ခန်းသုံးပစ္စည်း များမရှိ။ | ရွာသူ/သားများမှ ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်ရန် စိတ်ဝင်စားမှုရှိသည်။ ကျန်းမာရေးလေ့ကျင့်ခန်း သုံး ပစ္စည်းများ ဝယ်ယူရရှိနိုင်သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ကျန်းမာရေးဖွံ့ဖြိုးရေအဖွဲ့များ နှင့် ချတ်ဆက်အကူအညီတောင်းခံ ခြင်း | ကျန်းမာရေးလေ့ကျင့် ခန်းသုံးပစ္စည်း |
| အရေးပေါ်လူနာများ ဆေးရုံ/ ဆေးခန်းသို့ အချိန်မီ ပို့ဆောင်နိုင် ခြင်း မရှိသောကြောင့် မကြာ ခဏ အသက် ဆုံး ရှုံးမှုရှိသည်။ | အရေးပေါ်လူနာတင်ယဉ်မရှိ။ အရေးပေါ်သွားလာရာတွင် ကား/ယဉ်ငှါးရန် မရှိသော ကြောင့် အခက်အခဲ ရှိသည်။ | အရေးပေါ်လူနာတင်ယဉ်ကို ဝယ်ယူရရှိနိုင်သည်။ လုပ်အားပေးမောင်းနှင်ပေးနိုင်သူ ယဉ်မောင်းရှိပြီး စက်အကြောင်း အသင့်အတင့် နားလည်မှု ရှိသည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြ အကူအညီတောင်းခံခြင်း။ | အရေးပေါ်လူနာတင် ယဉ် ထူထောင်ခြင်း |
| **၄။ ကဏ္ဍ– ကျန်းမာရေးနည်းပညာဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| ကျေးရွာတွင် ဆီချို၊ သွေးတိုး ရောဂါအဖြစ်များ ပြီးဆေးဝါး ကုသ စရိတ်များသည်။ | ဓါတုဆေးဝါးမကင်းသော အသားငါး၊ အသီးအရွက်များ ကို နေ့စဉ်မလွှဲမရှောင်သာ စားသုံးနေကြရပြီး ကျန်းမာရေးဗဟုသုတမရှိခြင်း။ | ကျန်းမာရေးအသိပညာပေး ဖွံ့ ဖြိုးရေး အဖွဲ့ အစည်း များ ဒေသ အတွင်းရှိသည်။ | ကျန်းမာရေးဗဟုသုတ နည်း သည်။ | ဒေသအတွင်းရှိကျန်းမာရေး အသိပညာပေး ဖွံ့ဖြိုးရေးအဖွဲ့အစည်း များ ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျန်းမာရေးအသိ ပညာပေး ဟောပြော ခြင်း။ |
| ကျေးရွာတွင်ဆေး ဖက် ဝင် အပင် | တိုင်းရင်းဆေးဗဟုသုတ နည်း သည်။ | ကျေးရွာတွင်ဆေးဖက် ဝင်အပင်များ၊ များစွာရှိ | သင်တန်းတက်ရောက် ရန် အဆက်အသွယ်မရှိ။ | ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ ခြင်း။ | တိုင်းရင်းဆေး သင် တန်း |

| | | | | | |
|---|---|---|---|---|---|
| များစွာ ရှိ သော် လည်း အကျိုးရှိ စွာအ သုံး ပြုနိုင်ခြင်း မ ရှိ။ | | သည်။ | ကုန်ကျစရိတ် မတတ်နိုင် ကြပါ။ | | |
| ကျေးရွာတွင် အရေးပေါ်ထိခိုက် ဒဏ်ရာ များ အချိန်မီ ပြုစုနိုင် ခြင်းမရှိသောကြေ ာင့် အသက်ဆုံးရှုံးရခြ င်း များရှိသည်။ | ရှေးဦးသူနာ ပြုစုနည်း မသိ ကြပါ။ | ဒေသအတွင်း ကြက်ခြေနီ နှင့် ရှေးဦးသူနာပြုသင် တန်းများ ရှိသည်။ | ငွေကြေးမတတ်နိုင်။ အချိတ်အဆက်မရှိ။ | ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ ခြင်း။ | ရှေးဦးသူနာပြု သင်တန်း |
| မိခင်များကျန်းမာ ရေး ဝန်ဆောင်မှု လုံလောက်စွာ မရ ကြသဖြင့်မွေးမိ ခင် သေဆုံးမှု များ သည်။ | ကျေးရွာတွင်ဆေးခန်း မရှိ။ လက်ရှိကျွမ်းကျင်သည့် အရံ သားဖွါး/အရပ် လက်သည်ရှိသော်လည်း အသက်ကြီးနေ ပြီဖြစ် သည်။ | ကျေးရွာတွင် အရံသားဖွား သင် တန်းတက်ရောက်ရန် အရည် အချင်းမီသူများ ရှိသည်။ | သင်တန်းတက်ရောက်ရန် ငွေကြေးမတတ်နိုင်။ အချိတ်အ ဆက်မရှိ။ | ကျန်းမာရေးဌာနှင့် ဖွံ့ဖြိုး ရေးအ ဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း | အရံသားဖွါးသင်တန်း |
| **၅။ ကဏ္ဍ–** သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| ကျေးရွာတွင် သန့်ရှင်း သော သောက်သုံးရေ လုံလောက်မှုမရှိ။ | လက်ရှိ ယူအင်န်ဒီပီ အဖွဲ့မှ ကူညီထားသော စိမ့်စမ်းရေသွယ်ယူ စနစ် မှာ ရေပိုက်လိုင်း အချို့ ပျက်စီးနေခြင်းနှင့် ရေ | တစ်မိုင်ခန့်ကွာဝေးသော ခရီတူ တောင်ရေထွက် ပင်ရင်း မှတစ်နှစ် ပါတ်လုံး ရေလုံလောက်စွာထွက်သ ည်။ | ငွေကြေးနှင့် နည်းပညာ မတတ် နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြ အကူအညီ တောင်းခံခြင်း | စိမ့်စမ်းရေသွယ်ယူ ခြင်း/ ပြုပြင်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| | လှောင်ကန်သေးငယ်သဖြင့် ရေလုံလောက်မှုမရှိ။ | | | | |
| ၆။ ကဏ္ဍ– လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
| လက်ရှိရွာတွင်းလမ်း၊ ကုန်ထုတ်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီးမိုးရာသီတွင် သွားလာရအလွန်ခက်ခဲသည်။ | ရွာတွင်းလမ်းနှင့် ကုန်ထုတ် လမ်းများမှာ မြေသားလမ်း များ ဖြစ်နေသောကြောင့် ပျက်စီးနေပြီးမိုးရာသီ တွင် သွားလာရ ခက်ခဲသည်။ | လမ်းပြင်ရန်သဲနှင့်ကျောက် ကို ဒေသအတွင်း အလွယ် တကူ အလုံလောက် ရရှိနိုင် သည်။ | လမ်းများပြုပြင်ရန် ငွေကြေး မတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနသို့ တင်ပြ အကူအညီတောင်းခံခြင်း | ရွာတွင်းကွန်ဂရစ်လမ်းခင်း ခြင်း/ ကုန်ထုတ်လမ်း ပြုပြင်ခြင်း |
| ရွာချင်းဆက်လမ်းမှာ သွားလာရခက်ခဲနေ သည်။ | ရွာချင်းဆက်လမ်း/ခရိုင်ချင်းဆက်လမ်းကိုအစိုးရမှကတ္တရာလမ်းခင်းထားသော်လည်း ယခုအခါ ပျက်စီးနေပြီ ဖြစ်သည်။ | အစိုးရပိုင် လမ်းပိုင်းဖြစ်သည်။<br>ဒေသအတွင်းဆောက်လုပ်ရေး လုပ်ငန်းအတွက် သဲ၊ ကျောက်အလုံအလောက်ရနိုင် သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ကျေးလက် လမ်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ရွာချင်းဆက်လမ်း/ ခရိုင်ချင်းဆက် လမ်းပြုပြင်ခြင်း |
| သွားလာရေးခက်ခဲ များစွာရှိသည်။ | သစ်သားတံတားမှာ ဟောင်းနွမ်းပျက်စီးနေသည်။ | တံတားပြင်ရန်သစ်၊ သဲနှင့်ကျောက် ကို ဒေသအတွင်း အလွယ် တကူ အလုံလောက် ရရှိနိုင် သည်။ | ကုန်ကျစရိတ်နှင့် လမ်းညှိရန် စက်အားမတတ်နိုင်ကြပါ။ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှတဆင့်ကျေးလက်လမ်းဦးစီး သို့တင်ပြ အကူအညီတောင်း ခံခြင်း။ | သစ်သားတံတားအားကွန်ဂရစ်တံတားအဖြစ် ပြုပြင်ခြင်း |
| နေ့စဉ်စားသုံးကုန်များဝယ်ယူရန်နှင့် ဒေသထွက်ကုန် | ရွာတွင်အိမ်ဆိုင်များရှိပြီး ဟင်းချက်စရာများကို လမ်းဘေးနံနက်ခင်း | ကျေးရွာမှ ဒေသထွက်ကုန်များရှိပြီး၁၆၅ အိမ်အတွက် နေ့စဉ်စား သောက်ကုန် | ကျေးရွာဈေးမရှိ။ | မြို့နယ်စည်ပင်သာယာဦးစီးဌာန နှင့် ချိတ်ဆက်၍ ကျေးရွာဈေးထူ ထောင်ရန် | ကျေးရွာဈေးထူထောင်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| များရောင်းချ ရန် များစွာအခက်အခဲ ရှိသည်။ | ဈေးတွင်သာ ဝယ်ယူနေကြရသဖြင့် ဈေးရောင်းသူနှင့် ဈေးဝယ်ယူသူ များများစွာ အခက်အခဲ ရှိ သည်။ နေ့စဉ်လိုအပ်သော ပစ္စည်းများကို မြစ်ကြီးနားဈေးကြီးမှာ ဝယ်ယူကြရပြီး (၂၀) မိုင်ကျော်ဝေး သည်။ | များကို မဖြစ်မနေ နေ့စဉ် ဝယ်ယူ စားသုံးနေကြရသည်။<br>ဈေးဖွင့်လှစ်ရန် ပေ ၁၀၀ ပါတ် လည်မြေမှာ ရွာပိုင် အဖြစ်ရှိသည်။ တစ်ရွာလုံးမှသဘောတူကြသည် | | ညှိနှိုင်းဆောင်ရွက် ခြင်း | |
| ကျေးရွာအတွင်း အစည်းအဝေးပြုလုပ်ရန်၊လူစုဝေးရန်နေရာအခက်အခဲ ရှိခြင်း | ကျေးရွာခန်းမဆောင် မရှိခြင်း | ဆောက်လုပ်ရန်ကျေးရွာပိုင်မြေနေရာရှိခြင်း၊<br>ဒေသတွင်းဆောက်လုပ်ရေးပစ္စည်းများလွယ်ကူစွာ ဝယ်ယူနိုင်ခြင်း | ငွေကြေးမတတ်နိုင်ကြပါ။ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြခြင်း။ | ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း |
| **၇။ ကဏ္ဍ–လျှပ်စစ်မီးလင်းရေး ဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |
| ရွာတွင်းလျှပ်စစ်မီး သွယ်တန်းပြီးဖြစ်သော်လည်း အိမ်အများစုမှာ လျှပ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိ သေးပါ။ | မီတာလုံလောက်မှုမရှိသောကြောင့် တပ်ဆင်ပေးခြင်းမရှိ သေးပါ။ | ထရန်စဖော်မာတပ်ဆင်ပြီး ၊ ဓါတ်တိုင်စိုက်ထူပြီး၊ အဓိက မိန်းလိုင်းကြိုး တပ်ဆင်ပြီး ကျေးရွာမှ အိမ်အချို့ မီးလင်း ပြီးဖြစ်သည်။ | လျှပ်စစ်ဌာနမှမီတာ ဘောက်အချိန်မီလုံလောက် စွာဖြန့်ဖြူး နိုင်ခြင်းမရှိ။ | မီးလင်းရေးကော်မတီမှ ဦးဆောင်၍ မြို့နယ်လျှပ်စစ်ဦးစီးဌာန အဖွဲ့အစည်း /ကုမ္ပဏီများနှင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ရောင်းချ ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက် ခြင်း။ | လျှပ်စစ်မီးမီတာအမြန်ဆုံး တပ်ဆင်ပေးခြင်း |
| **၈။ ကဏ္ဍ–စိုက်ပျိုးရေ ရရှိရေး ဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| စိုက်ပျိုးသီးနှံများ သွင်း ရေလုံးဝမရ | မိုးရေကိုသာအားကိုးနေကြရပြီး လိုအပ်သလို | ရောဝတီမြစ်နှင့် နီးပြီး မြစ်အတွင်း တစ်နှစ်ပါတ် | ငွေကြေးနှင့် နည်းပညာ မတတ် နိုင်ကြပါ။ | ဆည်မြောင်းဦးစီးဌာနနှင့် ချိတ် ဆက် တင်ပြ ခြင်း | မြစ်ရေတင် စီမံကိန်း |

| | | | | | |
|---|---|---|---|---|---|
| ရှိ။ | စိုက်ပျိုးရေ မရနိုင်ကြပါ။ | လုံး ရေလုံလောက်စွာ ရရှိနိုင်သည်။<br>ဒေသအတွင်းဆောက်လုပ်ရေး လုပ်ငန်းသုံး သဲ၊ ကျောက်ပစ္စည်း များ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ | | | |
| | ခရီတူတောင်တွင် သဘာဝစိမ့်စမ်းရေထွက်မှ တစ်နှစ်ပါတ်လုံးရရှိသော်လည်း အသုံးချ နိုင်ခြင်းမရှိ။ | စိမ့်စမ်းရေထွက်များ တစ်နှစ်ပါတ်လုံးရှိသည်။ | ငွေကြေးနှင့် နည်းပညာ မတတ် နိုင်ကြပါ။ | ဆည်မြောင်းဦးစီးဌာနနှင့် ချိတ် ဆက်  တင်ပြ ခြင်း | ရေပန်းစနစ်တပ်ဆင် ခြင်း |
| **၉။ ကဏ္ဍ-စိုက်ပျိုးရေး (သီးနှံအထွက်တိုး) ဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |
| သီးနှံအထွက် နှုန်း ခြင်း နှင့်သီးနှံ ထုတ်လုပ်မှုနည်း သည်။ | မျိုးကောင်း/သန့်မရှိ။<br>အချိန်မီထွန်ယက်နိုင်ခြင်းမရှိ။ | စိုက်ပျိုးရေးဌာနရှိသည်။<br>လယ်ယာသုံးစက်ကရိယာ ကုမ္ပဏီနှင့် ပုဂ္ဂလိက ဘဏ် များရှိသည်။ | ငွေကြေးမတတ်နိုင်ကြ ပါ။<br>ကုမ္ပဏီများ၊ပုဂ္ဂလိက ဘဏ်များ နှင့် ချေးငွေရရှိရေးချိတ်ဆက် ခြင်း | စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီနှင့် ဘဏ်များသို့ တင်ပြအကူအညီ တောင်းခံခြင်း | ၁။မျိုးကောင်းမျိုး သန့် ရရှိရေး (စပါး၊ ပြောင်း၊ မုံညှင်း နှင့် နှမ်း)<br>၂။ နှစ်ရှည်ပင်စိုက်ပျိုးခြင်း (ကြက်မောက်၊ ဒညင်း၊ တရုပ်ဆီးသီး၊ ဂရိတ်ဖရု၊ မဆလာ၊ ကွမ်းသီး)<br>၃။ လယ်ယာသုံးစက် ကရိယာအရစ်ကျ ရောင်း ချ ခြင်း |

| ၁၀။ ကဏ္ဍ- စိုက်ပျိုးရေးနည်းပညာဖွံ့ ဖြိုးမှု စီမံကိန်း | | | | | |
|---|---|---|---|---|---|
| စိုက်ပျိုးသီးနှံများ ပိုးမွှားရောဂါကျ ရောက် မှုများပြီး ထိရောက်စွာ ကာကွယ်နိုင်နှင်း နိုင် ခြင်းမရှိ။<br>ပျက်စီးမှုရှိသည်။ | စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးမှုအားနည်းသည်။<br>ပြောင်းဖူးသီးနှံကို တစ်နေရာတည်းတွင် နှစ်စဉ်တစ်နှစ်ပါတ်လုံး ၂-၃ ကြိမ် စိုက်ပျိုးပြီး ဓါတ်မြေသြဇာများကို အလွန် အကျွံအသုံးပြု နေကြ သည်။ | စိုက်ပျိုးရေးနည်းပညာ ပံ့ ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ ဒေသအတွင်း ရှိသည်။ | သင်တန်းတက်ရောက်ရန် ကုန်ကျမှု ငွေကြေးမတတ် နိုင် ကြပါ။ | စိုက်ပျိုးရေးဌာနနှင့် အခြား ဖွံ့ဖြိုး ရေးအဖွဲ့များသို့ တင်ပြ အကူ အညီတောင်း ခံခြင်း | စိုက်ပျိုးရေးနည်းပညာ ဖွံ့ ဖြိုးမှုသင်တန်းများ<br>၁။ဘက်စုံပိုးမွှားကာကွ ယ် နှိမ်နှင်းမှုသင်တန်း<br>၂။ မြေဆီလွှာ ပြုပြင် ထိန်း သိမ်းနည်း သင် တန်း<br>၃။ သဘာဝမြေဆွေးပြု လုပ်နည်းသင်တန်း<br>၄။ သီးလှည့်/ သီးရော စနစ် (cropping patterm) (rotate cropping and mix cropping pattern)<br>၅။ ကိုင်းကူးကိုင်း ဆက်သင်တန်း |

| ၁၁။ ကဏ္ဍ-မွေးမြူရေး နည်းပညာဖွံ့ဖြိုးမှု စီမံကိန်း | | | | | |
|---|---|---|---|---|---|
| မွေးမြူထားသော ဝင်ငွေရအိမ်မွေး တိရစ္ဆာန်များနှစ် စဉ် ပျက်စီးဆုံး | နှစ်စဉ်ရာသီရောဂါများ ဆိုးရွားစွာကျရောက်လေ့ ရှိ သည်။<br>နည်းပညာဗဟုသုတ | မွေးမြူရေးဦးစီးဌာနရှိ သည်။<br>ဒေသတွင်းဖွံ့ဖြိုးရေးအဖွဲ့ အစည်း များရှိသည်။ | ဝန်ဆောင်မှုအားနည်းနေ သေး သည်။<br>အဖွဲ့အစည်းများနှင့် ချိတ် ဆက်မှု အားနည်းနေသေး | မွေးမြူရေးဌာနနှင့် ဖွံ့ဖြိုး ရေးအ ဖွဲ့အစည်းများသို့ ချိတ်ဆက်အကူ အညီ တောင်းခံခြင်း | ၁။ မွေးမြူရေးကာ ကွယ် ဆေးထိုးခြင်း<br>၂။တိမွေးကုသင်တန်း |

| | | | | | |
|---|---|---|---|---|---|
| ရှုံးမှု များစွာရှိ သည်။ | အားနည်းသည်။ | သင်တန်းတက်ရောက်ရန် အရည် အချင်းပြည့်မီသူ များ ရှိသည်။ | သည်။ | | |
| မွေးမြူရေးထုတ် လုပ် မှုအားနည်း သည်။ | နည်းပညာဗဟုသုတ အားနည်းသည်။ | စီပီကုမ္ပဏီနှင့်တိမွေးကုဦး စီး ဌာန ရှိသည်။ | အဖွဲ့အစည်းများ၊ ဌါန ဆိုင် ရာ များနှင့် ချိတ်ဆက်မှု အားနည်းနေသေးသည်။ | မွေးမြူရေးဌာနနှင့် ဖွံ့ဖြိုး ရေးအ ဖွဲ့အစည်းများသို့ ချိတ်ဆက်အကူ အညီ တောင်းခံခြင်း | ၃။ဥစား/အသားစား ကြက်စံပြ မွေးမြူခြင်း |
| **၁၂။ ကဏ္ဍ–မွေးမြူရေး ထုတ်လုပ်မှု ဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| လက်ရှိ အိမ်မွေး တိရစ္ဆာန်မွေးမြူ ရေးမှာအထွက် နှုန်းနည်းသည်။ | မျိုးကောင်းမျိုးသန့်မရှိ။ | မျိုးကောင်းမျိုးသန့်များကို တိ မွေးကုဌာနမှ တဆင့် ရရှိနိုင် သည်။ | မွေးမြူရေးချေးငွေမရှိ။ အရင်းအနှီးမတတ်နိုင်ကြ ပါ။ | မွေးမြူရေးဌာနနှင့် ဖွံ့ဖြိုး ရေးအဖွဲ့အစည်းများသို့ ချိတ်ဆက်အကူအညီ တောင်းခံခြင်း | တိရိစ္ဆာန်မျိုးကောင်း/ မျိုး သန့် ရရှိရေး |
| **၁၃။ ကဏ္ဍ–ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |
| တောင်သူများ ချေးငွေလုံလော က် မှုမရှိ။ | မွေးမြူရေးနှင့် စိုက်မွေး မဟုတ်သော လုပ်ငန်း များအတွက် ချေးငွေ မရနိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနနှင့် တိမွေးကုဌာနတို့မှ ချေးငွေ အစီအစဉ် များ ရှိသည်။ | ချိတ်ဆက်မှု အားနည်းနေ သေး သည်။ | ကျေးလက်ဦးစီးဌာန၊ တိ မွေးကုဌာနတို့နှင့် ချတ် ဆက် ဆောင်ရွက်ခြင်း။ | မြစိမ်းရောင်စီမံကိန်း မွေးမြူရေးမြစိမ်း ရောင် စီ မံကိန်း |
| တောင်သူများ နှင့်သင့်တော် သော ငွေကြေး ဝန်ဆောင်မှု မရှိ။ | စိုက်ပျိုးမြေပိုင်ဆိုင်မှု ပုံစံ (၇) မရှိသောကြောင့် စိုက်ဘဏ် ချေးငွေ မရ ကြပါ။ မြစိမ်းရောင်ချေးငွေမှာ လုံ လောက်မှုမရှိသေး ပါ။ | နိုင်ငံတော်မှ နှစ်ရှည်ချေး ငွေ များပံ့ပိုးပေးလျက် ရှိ သည်။ | လက်ရှိချေးငွေစနစ်များမှာ တောင် သူများ၏ လိုအပ် ချက်နှင့်ကိုက်ညီမှုအား နည်းနေ သေး သည်။ | လွှတ်တော်မှတဆင့်တင်ပြ ခြင်း။ | အတိုးနှုန်းသက်သာ သော နှစ်ရှည် ချေး ငွေမွေးမြူ ရေး ချေးငွေ အသေးစားနှင့်အလတ် စားလုပ်ငန်းများအ တွက်ချေးငွေထူ ထောင်ခြင်း |

| ၁၄။ ကဏ္ဍ– လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | | | | | |
|---|---|---|---|---|---|
| အသက်မွေးဝမ်း ပညာကျွမ်းကျင်မှု အားနည်း သည်။ | အသက်မွေးဝမ်းပညာ သင် ကြားနိုင်ခြင်းမရှိ။ | ဒေသအတွင်း ကျွမ်းကျင်သူ များရှိသည်။<br>နည်းပညာပံ့ပိုးပေးသော ဖွံ့ဖြိုး ရေးအဖွဲ့များရှိသည်။ | သင်တန်းတက်ရောက်ရန် ကုန် ကျစရိတ်မတတ်နိုင်ကြပါ။<br>အဖွဲ့များနှင့် ချိတ်ဆက်မှု အား နည်းသည်။ | ကျေးလက်ဦးစီးဌာနမှတဆင့် ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | ၁။ ကွန်ပျူတာသင်တန်း<br>၂။ အင်္ဂလိပ်စကားပြော သင်တန်း<br>၃။ အကျိုးရှိသော အင်တာ နက် အသုံးပြုနည်းသင် တန်း |
| လူငယ်များ အားက စားတိုးတက်မှု အား နည်းသည်။ | အားကစားကွင်းလည်း မရှိ။ အားကစားလည်း ပစ္စည်းမ ရှိကြပါ။ | အားကစားပွဲများကို ရုပ်မြင်သံ ကြားမှ ပြသပေးသည်။ ကြည့်ရှု ကြရသည်။<br>ကျန်းမာရေးနှင့်အားကာ ဌာန ရှိသည်။<br>အားကစားပစ္စည်းများကို ဒေသ အတွင်း ဝယ်ယူရရှိ နိုင် သည်။ | ငွေကြေးမတတ်နိုင်ကြပါ။ | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသို့ တင်ပြခြင်း | အားကစားပစ္စည်းများ ပံ့ ပိုးခြင်း |
| ရိုးရာယဉ်ကျေးမှု အ မွေအနှစ်များ အား ထိန်းသိမ်းမှု နည်း လာသည်။ | လူငယ်များ ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းမှု အားနည်းသည်။ | တန်ဖိုးရှိ ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ တိုင်းရင်းသား စာပေများ ရှိသည်။<br>ကျွမ်းကျင်သော အသက် အရွယ် ကြီးရင့်သူများ အသက်ရှင်နေ သေးသည်။ | လူကြီးများမှလည်း လက် ဆင့် ကမ်းအားပေးမှု နည်းသည်။ | လူငယ်အဖွဲ့များစနစ်တကျ ဖွဲ့စည်းခြင်း ရိုးရာ ယဉ်ကျေးမှုထိန်းသိမ်းရေး ဆိုင်ရာ အစီအစဉ်များ ရေးဆွဲ အကောင်အထည် ဖော်ခြင်း | ရိုးရာတီးဝိုင်းထူထော င်ခြင်း (တူရိယာ + ဝတ်စုံ)<br>ခေတ်ပေါ်တီးဝိုင်းထူ ထောင်ခြင်းနှင့် ခေတ် ပေါ်တီးဝိုင်းအတီး သင်တန်း |

| | | | | | |
|---|---|---|---|---|---|
| လူငယ်များစာဖ တ် ခြင်းနှင့် လေ့လာသင်ယူမှု အားနည်းသည်။ | စာကြည့်တိုက်ရှိသော် လည်းစာအုပ်များပြည့်စုံ မှုမရှိ၊အင်တာနက် အသုံးပြုသော်လည်း ဖေ့စ်ဘုတ်၊ ဗိုက်ဗာတို့ကို သာ အကြည့်များပြီး အကျိုး ရှိရှိ အသုံးမချ တတ်ကြပါ။ | လူငယ်တိုင်းလိုလို အင် တာနက် အသုံးပြုကြ သည်။ဖုန်းလိုင်းဆက်သွယ် ရေး ကောင်းသည်။<br>ကျေးရွာတွင်စာကြည့် တိုက် ရှိသည်။ | လူငယ်များ စာဖတ်နည်း ကြ သည်။<br>အင်တာနက်ကို အကျိုးရှိရှိ အ သုံးမချတတ်ကြပါ။ | လေ့လာသင်ယူနိုင်မည့် အစီအစဉ် များ ထားရှိခြင်း | နှစ်စဉ်စာပေဟော ပြောပွဲ ကျင်းပခြင်း<br>ခေတ်မီစာကြည့်တိုက် ထူထောင်ခြင်း<br>အင်တာနက် အကျိုး ရှိရှိ အသုံးပြုနည်းသင် တန်း |
| လူငယ်များလုံ ခြုံမှု အားနည်း လာသည်။ | မူးယစ်ဆေးသုံးစွဲသူများ လာ ကြသည်။<br>ယဉ်အန္တရာယ်ရှိသည်။<br>လူကုန်ကူး ခံရနိုင်မှု အန္တရာယ် ရှိသည်။ | လူငယ်များလုံခြုံစွာနေ ထိုင်သွား လာလိုကြသည်။ | မူးယစ်ဆေးများကို အ လွယ်တကူဝယ်ယူသုံးစွဲ နိုင် ကြသည်။<br>လူငယ်များ ဗဟုသုတ အားနည်း သည်။ | လူငယ်ဖွံ့ဖြိုးရေးကို စီမံ ကိန်း တစ်ရပ်အနေဖြင့် အလေးထား ဆောင် ရွက်ပေးသင့်သည်။ | **လူငယ်ဖွံ့ဖြိုးရေးသင် တန်းများ**<br>၁။ မူးယစ်ဆေးကာ ကွယ် တားဆီးရေး အသိပညာ ပေးသင် တန်း<br>၂။ ယဉ်စည်းကမ်း/ လမ်း စည်းကမ်းထိန်း သိမ်းမှု အသိပညာပေး သင်တန်း<br>၃။ လူကုန်ကူး ကာ ကွယ် တားဆီးရေးအ သိပညာ ပေးသင်တန်း<br>၄။ ကိုယ်ခံပညာသင်တန်း |

| | | | | | |
|---|---|---|---|---|---|
| **၁၅။ ကဏ္ဍ– စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးနည်းပညာများ ဖွံ့ဖြိုးရေးစီမံကိန်း** | | | | | |
| ကျေးရွာတွင် စိုက်မွေး မဟုတ်သောအလုပ်<br>အကိုင်အခွင့်အလမ်း နည်းပါးသည်။ မိသား စုဝင်ငွေနည်းသည်။ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ငန်းကျွမ်း ကျင်မှုအားနည်းသည်။ | အလုပ်လုပ်ကိုင်နိုင်သောအရွယ် များရှိခြင်း။<br>ကျေးရွာတွင် လျှပ်စစ်မီးရရှိ ပြီ ဖြစ်သည်။<br>ဆက်သွယ်ရေးဖုန်းလိုင်းကောင်း သည်။<br>ဒေသထွက်ကုန်ကြမ်းများအသင့် အတင့်ရှိသည်။ ဒေသအတွင်းအသက်မွေးနည်းပညာပံ့ပိုးပေးသောဖွံ့ဖြိုးရေးအဖွဲ့များ ရှိသည်။ | ဒေသအတွင်းစက်ရုံ၊ အလုပ်ရုံမ ရှိ။ သက်မွေးပညာသင်ကြားရန် အဆက်အသွယ်မရှိ၊ သင်တန်းစရိတ်မတတ်နိုင်ကြပါ။ | ကျေးလက်ဦးစီးဌာနနှင့် ဒေသတွင်းဖွံ့ဖြိုးရေး အဖွဲ့များသို့ တင်ပြခြင်းနှင့် အကူအညီတောင်း ခံခြင်း | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း |
| **၁၆။ ကဏ္ဍ– အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဖွံ့ဖြိုးမှု စီမံကိန်း** | | | | | |
| အမျိုးသမီးများ စွမ်း ဆောင်ရည် အားနည်း သည်။ | ဗဟုသုတ အားနည်းသောကြောင့် ဖြစ်သည်။ | အမျိုးသမီးများစွမ်းဆောင်ရည် မြှင့်တင်ပေးသောဖွံ့ဖြိုးရေးအဖွဲ့များ ဒေသအတွင်းရှိသည်။ | အဖွဲ့အစည်းများနှင့်ချိတ်ဆက် မှု အားနည်းသည်။ | ဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | ၁။ အိမ်တွင်းအကြမ်းဖက် မှုကာကွယ်ခြင်း ဥပဒေသင် တန်း<br>၂။ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း<br>၃။ အမျိုးသမီးကာကွယ် စောင့်ရှောက်နည်း သင် တန်း |
| **၁၇။ ကဏ္ဍ–သဘာဝဘေးလျှော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |

| | | | | | |
|---|---|---|---|---|---|
| ကျေးရွာတွင် ရာသီ မရွေး၊ အချိန်မရွေး မီးဘေးအန္တရာယ် ကျ ရောက်နိုင် သည်။ | မီးဘေးကာကွယ်ရေးအ စီအစဉ်အားနည်းသည်။ | အရံမီးသတ်တပ်ဖွဲ့ ဖွဲ့စည်း ရနိုင် သည်။ | မြို့နယ်မီးသတ်ဦးစီးဌာန နှင့် ချိတ်ဆက်မှုအားနည်း သည်။ | အရံမီးသပ်ဖွဲ့စည်းဖြင်းနှင့် လေ့ ကျင့်ခြင်း | မီးသတ်ရေကန်ဆော က် လုပ်ခြင်းနှင့် လက်ဆွဲမီး သတ် စက်ထူထောင်ခြင်း |
| ရေ၀ဝတီမြစ်မှ နှစ်စဉ် ရေတိုက် စားသဖြင့်စိုက်ပျိုး မြေသာမကလူနေ အိမ်အချို့ပါပျက် စီး မှုများရှိလာ သည်။ | မြစ်ရေကြီးသည့်အခါ မြေပြို ရေတိုက်စားမှုရှိ သည်။ | ဒေသထွက်ဆောက်လုပ် ရေး,ပစ္စည်းသဲ၊ ကျောက် အလုံအလောက် ရှိသည်။ ဆောက်လုပ်ရေးသုံး ပစ္စည်းများ ဝယ်ယူရရှိနိုင် သည်။ လက်သမား ပန်းရံရှိသည်။ | ငွေကြေးနှင့် နည်းပညာ မတတ် နိုင်ကြပါ။ | ကျေးလက်ဦးစီးမှတဆင့် တင်ပြ ခြင်း။ | ရေထိန်းနံရံ/ရေကာ တာ ဆောက်လုပ်ခြင်း |
| သဘာဝဘေးမြစ် ရေ ကြီးချိန်တွင် ရွာသူ/ သားများ စိုးရိမ်နေကြ ရသည်။ | မြစ်ရေကြီးသည့်အခါ မြေပြို ရေတိုက်စားမှုရှိ သည်။<br>သဘာဝဘေး ကာကွယ် ရန် ဗဟုသုတမရှိ/ နည်း ပါးသည်။ | လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒေသ တွင်းဖွံ့ဖြိုးရေးအဖွဲ့ များရှိသည်။ | ချိတ်ဆက်မှုအားနည်း သည်။ | လူမှုရေးအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက် ရန် | သဘာဝဘေးလျှော့ ချရေးသင်တန်း |
| **၁၈။ ကဏ္ဍ-သဘာဝ ပါတ်ဝန်းကျင်ထိန်သိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း** | | | | | |
| သဘာဝပါတ်ဝန်း | သစ်တောများပြုန်းတီး | သစ်တောပြုန်းတီးမှု | သစ်တောဂရုံရှိရန် | ကျေးလက်ဦးစီးဌာန၊ | ၁။ ပုဂ္ဂလိက သစ်တော |

| | | | | | |
|---|---|---|---|---|---|
| ကျင် ထိခိုက်မှု ရှိသည်။ | နေသည်။<br>အမှိုက်များကိုစနစ်<br>တကျ စွန့် ပစ်ခြင်းမရှိ။ သိမ်းဆည်းသည့် စနစ် မရှိ။ | ကြောင့် ရာသီဥတု ဖေါက်ပြန် ခြင်းနှင့် ရေ ထွက်များခမ်းခြောက်ခြင်း ကို သတိမူလာမိကြသည်။<br>အမှိုက်များ စွန့်ပစ်ခြင်း ကြောင့် သဘာဝပါတ်ဝန်း ကျင်ထိခိုက်မှု ရှိကြောင်း သတိမူလာကြသည်။ | အခက် အခဲများရှိသည်။ ဗဟုသုတနည်းသည်။ စနစ်တကျ စွန့်ပစ်ရန် စနစ်မရှိ သေးပါ။ | စည်ပင် သာယာ၊ သစ်တောဦးစီးဌာန တို့နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | စိုက်ခင်း ထူထောင် ခြင်း(ကျွန်း၊ ရေမနေ)<br>၂။ အမှိုက်သိမ်းယဉ် ထူ ထောင် ခြင်း (သုံးဘီးယဉ်) |

နောက်ဆက်တွဲ(၃)

**ပုံစံ (၁)**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ | - အကြဲ |
| ကျေးရွာအုပ်စု | - ဖရော |
| မြို့နယ် | - မြစ်ကြီးနား |
| တိုင်းဒေသကြီး / ပြည်နယ် | - ကချင်ပြည်နယ် |

**စီမံချက်အမည်** - ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း (၄၀' x ၂၀' x ၁၃')

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

ဖရောကျေးရွာသည် မြစ်ကြီးနားမြို့နယ်၊ အကြဲကျေးရွာအုပ်စု မြစ်ကြီးနားမြို့၏ တောင်ဘက် ၁၈ မိုင်ခန့် အကွာတွင် မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်းပေါ်တွင် တည်ရှိသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၆၀ အိမ်နှင့် လူဦးရေပေါင်း (၇၁၂) (ကျား ၃၆၀+ မ ၃၅၂ =၇၁၂) ရှိသည်။ ကျေးရွာ၏ လက်ရှိအခက်အခဲမှာ လူထု အစည်းအဝေးခန်းမ မရှိသောကြောင့် ရွာလုံးကျွတ် အစည်းဝေးပြုလုပ်ရန်နေရာ အခက်အခဲများ ရှိပါသည်။ ထို့ကြောင့်လူထုအစည်းဝေး ဆုံးဖြတ်ချက်အရ သီးသန့်အစည်းအဝေးခန်းမအသစ် ဆောက်လုပ်ရန် သဘာတူခဲ့ကြပါသည်။ အစည်းအဝေးခန်းမဆောက်လုပ်ရန် ခန့်မှန်းတွက်ချက်မှုအရ စုစုပေါင်း **၁၂,၈၇၅,၀၀၀** ကျပ် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာမှ ငွေသား **၅၀၀,၀၀၀** ကျပ် နှင့် ပစ္စည်းနှင့်လုပ်အားတန်ဖိုး **၂,၄၇၅,၀၀၀** ကျပ်၊ စုစုပေါင်း **(၂,၉၇၅,၀၀၀)** ကျပ်ထည့်ဝင်မည်ဖြစ်ပြီး ကျေးရွာမှ မတတ်နိုင်သော သိန်း **(၁၀၀)** ကို ကျေးလက်ဦးစီး ဌာနမှ ကူညီပံ့ပိုး ပေးပါရန် အဆိုပြုတင်ပြအပ်ပါသည်။

**စီမံချက်၏ ရည်ရွယ်ချက်**

တစ်နှစ်ပတ်လုံးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ပြီး သွားရေးလာရေးပိုမိုအဆင်ပြေလာရန်

**မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)**

၁။ လူထုအစည်းအဝေးခန်းမ မိုးလုံလာပြီး အစည်းအဝေးများကို အဆင်ပြေစွာ ကျင်းပလာနိုင်မည်။

**စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)**

**(လုပ်ငန်း ခန့်မှန်းခြေတွက်ချက်မှုစာရင်း (Estimate)၊ လုပ်ငန်းပုံစံဒီဇိုင်းများကို ပူးတွဲသီးခြားဖော်ပြရမည်)**

ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း (၄၀' x ၂၀' x ၁၃')

| ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်) ၁၂,၉၇၅,၀၀၀/** | **ထည့်ဝင်မည့်အစီအစဉ်** |
| ၁၀,၀၀၀,၀၀၀ ကျပ် (ငွေသား) | ကျေးလက်ဦးစီး |
| ၅၀၀,၀၀၀ ကျပ် (ငွေသား) | ကျေးရွာ |
| ၂,၄၇၅,၀၀၀ ကျပ် (ပစ္စည်း/လုပ်အား) | ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၃၆၀ | ၃၅၂ | ၇၁၂ | ၂၅ | ၆၁ | ၄၁ | ၃၃ | ၁၆၀ |
| အကျိုးခံစားမည့် ဦးရေ | ၃၆၀ | ၃၅၂ | ၇၁၂ | ၂၅ | ၆၁ | ၄၁ | ၃၃ | ၁၆၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်ထည်ဖော်မည့်အဖွဲ့အစည်း(များ)**

ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ လုပ်ငန်းကို အစမှအဆုံး ပြီးစီးသည်အထိ တာဝန်ယူဆောင်ရွက်မည်။ သတ်မှတ် အရွယ်အစားနှင့် အရည်အသွေးအတိုင်း၊ အချိန်မီပြီးစီးရန်၊ ပစ္စည်းနှင့်ငွေကြေးအလေအလွင့် မရှိစေရန်၊ ကျေးရွာမှ ထည့်ဝင်မှု (ငွေသား၊ ပစ္စည်း၊ လုပ်အား) များကို သဘောတူထားသည့်အတိုင်း အချိန်မီ ထည့်ဝင်ရန် အနီးကပ်ကြီးကြပ်မည်ဖြစ်ပြီး ကျေးလက်ဦးစီးဌာနမှ နည်းပညာနှင့် ရန်ပုံငွေကို အချိန်မီပံ့ပိုးပေးရမည်ဖြစ် သည်။

**(၂) စီမံချက် စတင်မည့် အချိန် ခန့်မှန်း**- ပံ့ပိုးငွေ ရရှိပြီး ၇-၁၀ ရက်အတွင်းလုပ်ငန်းစတင်မည်ဖြစ်သည်။

**(၃) စီမံချက်ပြီးစီးမည့်အချိန်**- မတ်လ ၃၁ ရက်နေ့ ၂၀၁၉ နောက်ဆုံး

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်**

အဆင့် (၁) ၂၅ အိမ် ၅၅၀၀ ကျပ် =၁၃၇၅၀၀ ကျပ်

အဆင့် (၂) ၆၁ အိမ် ၄၀၀၀ ကျပ် =၂၄၄၀၀၀ ကျပ်

အဆင့် (၃) ၄၁ အိမ် ၃၀၀၀ ကျပ် =၁၂၃၀၀၀ ကျပ်

| | |
|---|---|
| **စုစုပေါင်း** **=၅၀၄၅၀၀ ကျပ်** | |

အများသဘောတူ ဆုံးဖြတ်ချက်အရ အဆင်းရဲဆုံးဖြစ်သော အဆင့်(၄) အိမ် များကို ကောက်ခံငွေ ပလပ်သည်။

လုပ်အားထည့်ဝင်မှု အနေဖြင့် ကျေးရွာအတွင်းရှိ ရွာသူ/သားများသည် လုပ်ငန်းစတင်ချိန်တွင် တစ်ရက်လျှင် လုပ်အားပေးအယောက်( ၁၂ )ကို ထည့်ဝင်သွားပါမည်။ လုပ်အားများ အပြည့်အဝရရှိစေရန် ကော်မတီအဖွဲ့ များမှ ကြီးကြပ်၊တိုက်တွန်း၊ နှိုးဆော်သွားပါမည်။ ကျေးရွာရှိ လက်သမား၊ ပန်းရံအဖွဲ့များမှလည်း ကူညီဆောင်ရွက် သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီ အစဉ်များ**

အဆောက်အဦးသည် သစ်နှင့်ဆောက်လုပ်ထားသော အဆောက်အဦးဖြစ်သောကြောင့် ၁၅ နှစ်ခန့်ခိုင်မည်ဟု ခန့်မှန်းသည်။ နှစ်စဉ်ပြုပြင်ထိန်းသိမ်းစရိတ်အတွက် ၅ သိန်းထက်နည်းသော အသေးစားပြုပြင်မှု ကို ကော်မတီ မှ အိမ်တိုင်ရာရောက် ငွေကြေးကောက်ခံ၍ ရေနံချေးသုတ်ခြင်း၊ ပြုပြင်ခြင်းတို့ကို ဦးဆောင်ပြုလုပ် သွားမည် ဖြစ်ပြီး ၄င်းထက်ပိုသော အကြီးစားပြုပြင်မှုနှင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတို့ကို နိုင်ငံတော်မှ ပြုပြင် ပေးရန် တင်ပြအပ်ပါသည်။

ဥက္ကဌ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊

ဖရောကျေးရွာ၊

အကြဲကျေးရွာအုပ်စု

မြစ်ကြီးနားမြို့နယ်။